# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၇၇)၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ ၁၄–၂–၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်တရားရုံးများမှ တရားသူကြီးချုပ်များ၊ တရားသူကြီးများကို တွေ့ဆုံမှာကြား

## ပြောင်းလဲနေသည့်ခေတ်ကို မျက်ခြည်မပြတ်လေ့လာ၍ ခေတ်နှင့်အညီ ကိုယ်ပိုင်အရည်အချင်းများ တိုးတက်မြင့်မားရေးကို အလေးပေးဆောင်ရွက်




နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စု တရားသူကြီးချုပ်သည် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်တရားရုံးများမှ တရားသူကြီးချုပ်များ၊ တရားသူကြီးများကို နေပြည်တော်ရှိပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံ၍ လမ်းညွှန်မှာကြားသည်။

**လိုက်နာဆောင်ရွက်**

ဦးစွာပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက တရားစီရင်ရာတွင် ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ စစ်ဆေးစီရင်ကြရန်နှင့် ပြည်သူများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ တရားရုံးစီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ကြရာတွင်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အချုပ်တရားခံပါ အမှုများကို ကြန့်ကြာမှုမရှိစေဘဲ စစ်ဆေးကြရန်နှင့် ခံဝန်အမှုများကိုလည်း ပြီးသင့်ပြီးထိုက်သည့် အချိန်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်သည့် အမှုများကိုလည်း ကြန့်ကြာမှုမရှိအောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားပြီးဖြစ်သော မူပိုင်ခွင့် ဥပဒေအားလုံးသည် အာဏာသက်ရောက်ပြီးဖြစ်သည့်အတွက် မူပိုင်ခွင့်ဥပဒေချိုးဖောက်၍ စွဲဆိုလာမှုများကို မူပိုင်ခွင့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးစီရင်ဆုံးဖြတ်ကြရန်ဖြစ်ကြောင်း။

အာဆီယံဒေသတွင်း တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာဆီယံနှင့် မိတ်ဖက်နိုင်ငံများမှ တရားသူကြီးများကို ဖိတ်ခေါ်၍သင်တန်းများ၊ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ လက်ခံကျင်းပနိုင်ရန်နှင့် တရားသူကြီးများ၊ တရားရေးအရာရှိများ၏ စွမ်းဆောင်ရည် တိုးတက်စေရေးအတွက် လေ့ကျင့်ပျိုးထောင်နိုင်ရန်ရည်ရွယ်ပြီး Judicial College အဆောက်အအုံကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ တရားစီရင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်း ဆောင်ရွက်ကြရာတွင် AI နည်းပညာရပ်သည် ချန်လှပ်ထား၍မရသည်ကို သတိချပ်ကြရန်လိုကြောင်းနှင့် AI နည်းပညာကို လက်လှမ်းမီရန်၊ အသုံးပြုနိုင်ရန် ကြိုတင်ပြင်ဆင် လေ့လာထားကြရန်လိုကြောင်း၊ ထို့ကြောင့် တရားသူကြီးများသည် တရားစီရင်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရုံမျှဖြင့် လုံလောက်ပြီဟုဆိုနိုင်မည်မဟုတ်ဘဲ ပြောင်းလဲနေသည့်ခေတ်ကို မျက်ခြည်မပြတ်လေ့လာ၍ ခေတ်နှင့်အညီ မိမိ၏ ကိုယ်ပိုင် အရည်အချင်းများ တိုးတက်မြင့်မားရေးကိုလည်း အလေးပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏ တတိယနှစ် လုပ်ငန်းအစီအစဉ်(၂၀၂၅)အောင်မြင်စေရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ(၂၀၂၄-၂၀၂၈)ကို ချမှတ်၍ အကောင်အထည်ဖော်လျက်ရှိရာ ယင်းမဟာဗျူဟာတွင် သတင်းပို့အဖွဲ့အစည်းဖြစ်သည့် ရှေ့နေများ၊ နိုတြီပဗ္ဗလစ်များ၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများက တာဝန်ခံ ဆောင်ရွက်ရမည့်အချက်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ခံဆောင်ရွက်မည့် အစီအစဉ်များနှင့် သတင်းပို့အဖွဲ့အစည်းများက ပူးပေါင်း ပါဝင်ရမည့်အချက်များ ပါရှိသဖြင့် လေ့လာဖတ်ရှုကြပြီး ဆက်လက်၍ အသိပညာမျှဝေကြရန် တိုက်တွန်းလိုကြောင်း မှာကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲကြီး နှစ်ရက်တိုး၍ ကျင်းပသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပြပွဲစတင်သည့်ရက်မှစ၍ နေ့စဉ် ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ပြည်သူများ၊ MSME လုပ်ငန်းရှင်များ တစ်ခဲနက်လာရောက်ကြပြီး အထူးစိတ်ပါဝင်စားစွာ ပါဝင်ဆင်နွှဲကြသည့်အတွက် ပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက် နှစ်ရက်တိုး၍ ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ သောကြာနေ့။

မန္တလေး နေ့စဉ်

# ကိုယ့်ခွန်ကိုယ်အားဖြင့် စိုက်ထုတ်ရမှု လုပ်ငန်းများအတွက် ဂုဏ်ယူကြရမည်

အလုပ်ဟူသမျှ ဂုဏ်ရှိစွ ဆောင်ပုဒ်ရှိပြီး ကောင်းမြတ်သော မည်သည့်အလုပ်မဆို ကိုယ့်ခွန်ကိုယ်အားဖြင့် စိုက်ထုတ်ရမှု လုပ်ငန်းများအတွက် ဂုဏ်ယူကြရမည်ဖြစ်သည်။ ကိုယ်စီကံကောင်းဖို့အတွက် ကိုယ်စီအလုပ်လုပ်ကြဖို့ လိုအပ်မည်ဖြစ်သည်။ လောကတွင် လူတိုင်းလူတိုင်း အသက်ရှင်နေထိုင်နိုင်ဖို့အတွက် အလုပ်တွေလုပ်ကြရပါသည်။ တစ်နည်းဆိုရသော် လူတစ်ယောက်၏ ဘဝစားဝတ်နေထိုင်ရေး အရေးသုံးပါးအတွက် မလွဲမသွေအလုပ်တွေကို လုပ်သွားကြရမည်ဖြစ်သည်။ အလုပ်လုပ်ခြင်းသည် လူ့တာဝန်ဝတ္တရားများပင်ဖြစ်ပြီး ဘဝရှင်သန်ခြင်းပင်ဖြစ်သည်။

အလုပ်မှာကာယလုပ်သား၊ ဉာဏလုပ်သားဟူ၍ရှိပါသည်။ လူတိုင်းလူတိုင်း မိမိတတ်ကျွမ်းသောပညာဖြင့် အသက်မွေးဝမ်းကျောင်းမှု တစ်ခုခုအတွက် အလုပ်လုပ်ကြရမည်ဖြစ်သည်။ ထို့ပြင် လောကတွင် အရာရာမိမိစိတ်တိုင်းကျ မဖြစ်နိုင်ပါ။ မိမိကိုယ်ကိုတောင်မှ မိမိအမြဲစိတ်တိုင်းမကျနိုင်ဘဲနှင့် ဖြတ်သန်းသွားလာနေကြရသည်သာဖြစ်ပါ၏။ အမှန်ပင် မည်သည့်အလုပ်မဆို သမာအာဇီဝကျစွာ လုပ်ဆောင်ရသော အလုပ်မှာ ဂုဏ်ရှိပြီးသားဖြစ်သည်။ အလုပ်လုပ်နိုင်ခြင်းသည် ဂုဏ်ယူဖွယ်ဖြစ်ပြီး သမာအာဇီဝဖြင့်ရရှိသော ငွေမှာလည်း ဖြူစင်သန့်ရှင်းလှပါသည်။ ထိုငွေတို့ဖြင့် မိဘနှင့်မိသားစုဝင်များကို ကျွေးမွေးစောင့်ရှောက်ရသည်မှာလည်း ဂုဏ်ယူစရာပင်ဖြစ်သည်။

လူ့ဘဝတွင် မည်သည့်အလုပ်ကိုမဆို လုပ်ကိုင်ဆောင်ရွက်ရာ၌ ဇွဲ၊ လုံ့လ၊ ဝီရိယထားဖို့လည်းလိုအပ်မည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် သတိတရားကို မြဲမြံစွာထားပြီး ဇွဲ၊ လုံ့လကို အခြေပြု၍ အနစ်နာခံ ကြိုးစားပါမှ ဘဝအောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည်။ အနစ်နာခံကြိုးစားသူတို့သည် နောင်အခါတွင် အသာစံရရှိမှုကို ခံစားရမည်ဖြစ်သည်။ ဇွဲသည်အရာရာကို အောင်နိုင်စေရန် တွန်းအားပေးပါသည်။ သစ်၊ ဝါးတို့ကိုခုတ်ထစ်ရန် ပုဆိန်သည် မည်မျှပင်ထက်စေကာမူ လုပ်ငန်းပြီးမြောက်ရန်အတွက် ဆောက်ရွက်ရမည်ဟူသော ဇွဲ စိတ်ဓာတ်မရှိလျှင် ပုဆိန်သည် အသုံးဝင်တော့မည်မဟုတ်ပါ။

လူတိုင်းလူတိုင်း ဆောင်ရွက်ရမည့် ကိစ္စဟူသမျှသည် ဇွဲဖြင့်သာ ပြီးမြောက်အောင်မြင်စေပါသည်။ "မည်မျှပင် ဝေးသောခရီးဖြစ်ပါစေ၊ ခြေတစ်လှမ်းဖြင့် စတင်လျှောက်လှမ်းရသည်" ဟူသော တရုတ်လူမျိုးတို့ သုံးစွဲပြောဆိုသောစကားသည် အလုပ်လုပ်ရာတွင် လုံ့လရှိဖို့လိုကြောင်း ဆောင်ပုဒ်က ထုတ်ဖော်ပြသလိုက်ခြင်းဖြစ်သည်။ တရုတ်ပြည်ရှိ မဟာတံတိုင်းကြီးသည် တရုတ်လူမျိုးတို့၏ အလုပ်လုပ်တွင် ဇွဲ၊ လုံ့လ၊ ဝီရိယကိုမော်ကွန်းကမ္ပည်းထိုးနိုင်ခဲ့သည်။ လူ့လောကတွင် မည်သည့်အရာမဆို အတားအဆီးရှိတတ်စမြဲဖြစ်သည်။ အလုပ်လုပ်ရာတွင် အတားအဆီးအနှောင့်အယှက်တစ်ခုခုကြောင့် ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ရလျှင် စိတ်ဓာတ်မကျရန်လိုအပ်မည်ဖြစ်သည်။ မည်သည့်အလုပ်မဆို အလုပ်မလုပ်ဘဲ တာဝန်ကိုရှောင်လွှဲခြင်းသည် ရှက်စရာဖြစ်သည်။ မိမိတို့၏ လုပ်သင့်သည့် ကောင်းမြတ်သောအလုပ်များကို လုပ်ဆောင်ကြရမည်ဖြစ်သည်။ မသမာသော နည်းလမ်းဖြင့် စီးပွားရှာခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ သူတစ်ပါး၏ လုပ်အားခအပေါ် အမြတ်ထုတ်ခြင်းစသော မရိုးသားသောလုပ်ရပ်များသည် တရားနည်းလမ်းကျသောအလုပ်မဟုတ်၍ အောက်တန်းကျကာ ရှက်ဖွယ်ရာအတိဖြစ်မည်ကို သတိပြုဆင်ခြင်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်းကိုယ့်ခွန်ကိုယ်အားဖြင့် စိုက်ထုတ်ရမှု လုပ်ငန်းများအတွက် ဂုဏ်ယူကြရမည်ဖြစ်ပြီးမိမိတို့၏ စားဝတ်နေရေး အတွက် ရိုးသားဖြောင့်မတ်သောနည်းဖြင့် ဝင်ငွေရှာခြင်းသည်လည်း ဂုဏ်ယူစရာပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၂၃)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်းတို့၏ (၂၃) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို တပို့တွဲလပြည့်နေ့ နံနက် ၄ နာရီခွဲက ၆၉လမ်းနှင့် ၃၅ လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေအပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ဝက်သားဟင်း၊ ပဲနပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး နဝကမ္မဝတ္ထုငွေကျပ် ၁၀၅၀၀နှင့် သင်္ကန်း ဒွိစုံခုနစ်စုံတို့ကို စာရေးတံမဲဖောက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့် ဇနီး၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူခဲ့ကြကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(ဝ၄ဝ)**

## မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌဖလား ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ အကြိုညှိနှိုင်းခြင်းနှင့် ပြိုင်ပွဲ ပွဲစဉ်ရေးဆွဲခြင်း ကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ ဥက္ကဋ္ဌဖလား ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ အကြိုညှိနှိုင်းခြင်းနှင့် ပြိုင်ပွဲ ပွဲစဉ်ရေးဆွဲခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဗထူးအားကစားခန်းမအနီးရှိ တိုင်းဒေသကြီးဘော်လီဘောဆပ်ကော်မတီရုံးခန်းတွင် ကျင်းပရာ တိုင်းဒေသကြီးဘော်လီဘောဆပ်ကော်မတီ-မန်းအောင်ဆွေလင်း ဘော်လီဘောကလပ်မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း(လက်ရွေးစင်ဟောင်း)နှင့် အတွင်းရေးမှူး ဦးမြင့်ဆွေတို့က အမှာစကားပြောကြားကြပြီး တွဲဖက်အတွင်းရေးမှူးဦးတင့်ဝေ(အား/ကာသိပ္ပံလက်ထောက်ညွှန်ကြားရေးမှူး)က ဖေဖော်ဝါရီ ၁၅ ရက်တွင် ဗထူးအားကစားခန်းမ၌ ကျင်းပမည့် အသက် ၃၀ နှစ်အောက် တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင်အသင်းတို့မှ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲ ပွဲစဉ်များ မဲနှိုက်ရေးဆွဲကြသည်။

အဆိုပါပြိုင်ပွဲ(က)အုပ်စုတွင်ကျဲရေကုန်းလူငယ်၊ မျိုးညွန့်၊ ဘုရားသုံးဆူ၊ အောင်စိုးမင်းနှင့် ပလိပ်လူငယ်အသင်းတို့ ပါဝင်ကြပြီး အုပ်စု(ခ)တွင် ပန်းခြံလူငယ်၊ ကျောက်ဆည်လူငယ်၊ ရဲစည်သူ ကလပ်၊ မန်းအောင်ဆွေလင်း ကလပ်နှင့် အောင်မြေဘော်လီဘောအသင်းတို့ ပါဝင်ကြကာ ဖွင့်ပွဲနေ့တွင် မျိုးညွန့်လူငယ်အသင်းနှင့် ပလိပ်လူငယ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲတွင် ပထမဆုငွေကျပ် သိန်း ၃၀၊ ဒုတိယဆုငွေကျပ်သိန်း ၂၀၊ တတိယဆုငွေကျပ်၁၀သိန်းနှင့် စတုတ္ထဆုငွေကျပ် ၅သိန်းအပြင် ပြိုင်ပွဲဝတ်စုံအင်္ကျီများလည်း ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**တင်မောင်(မန္တလေး)**

## ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် မြန်မာ့ပြောင်း စတင် တင်ပို့နေပြီဖြစ်

ဖေဖော်ဝါရီ ၁ရက်မှ စတင်ကာ ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် မြန်မာ့ပြောင်း စတင်တင်ပို့နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များ အသင်းထံမှ သိရသည်။

ထိုင်းနိုင်ငံသို့ မြန်မာ့ပြောင်း တင်ပို့ရာ၌ ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကာ ဩဂုတ်လကုန်အထိ (၇)လ ကာလအတွင်း အခွန်ကင်းလွတ်ခွင့်ပေးထားကြောင်း သိရသည်။

ယခုနှစ်တွင် ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့သွားမည်ဖြစ်ပြီး ထိုင်းနိုင်ငံပြီးမှ တရုတ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်စသည့် နိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ယခင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း၌ ပြောင်းတန်ချိန် (၁ ဒသမ ၁၁)သန်း တင်ပို့နိုင်ခဲ့ပြီး ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ဧပြီလမှ နိုဝင်ဘာလအတွင်း၌ ပြောင်းတန်ချိန်(၁ ဒသမ ၈၈) သန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ(၄၄၇)သန်းဖိုး တင်ပို့နိုင်ခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံသည် ပြောင်းတင်ပို့မှုကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း အစား ရေကြောင်းကုန်သွယ်မှု ဆိပ်ကမ်းများဖြစ်သည့် အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၊ ဆူးလေဆိပ်ကမ်း၊ ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း၊ သီလဝါဆိပ်ကမ်း၊ ရွှေမဲဆိပ်ကမ်းနှင့် မင်းထက်မင်းဆိပ်ကမ်းတို့မှ အဓိက တင်ပို့လျက်ရှိသည်။

ထို့ပြင် ကော့သောင်း ဆိပ်ကမ်းမှတစ်ဆင့် ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်းသို့ ပင်လယ်ရေကြောင်းလမ်းဖြင့် တင်ပို့နေသည့်အပြင် ကုန်းတွင်းနယ်စပ်တာချီလိတ်မှတစ်ဆင့်လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**ရွှေမန်း**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၈၆၂၊
၂၆လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ဥပဒေရေးရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်ဆောင်ရွက်ရေး ဆွေးနွေး



နေပြည်တော် ဖေဖော်ဝါရီ ၁၃

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန သံတမန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အွန်လိုင်းလိမ်လည်မှုဆိုင်ရာ မှုခင်းများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ အွန်လိုင်းလောင်းကစားနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များ အပါအဝင် နှစ်နိုင်ငံ ဥပဒေရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထွေထွေရွေးကောက်ပွဲ ကျင်းပခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ နိုင်ငံရေး သိပ္ပံနှင့်ဥပဒေတက္ကသိုလ်သို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် အနေဖြင့် ဂုဏ်ထူးဆောင် ပါမောက္ခတစ်ဦးအနေဖြင့် လာရောက် သင်တန်းပို့ချပေးနိုင်ရေးနှင့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း(LAC)တွင် ဖွင့်လှစ်သင်ကြားပေးနေသည့် သင်တန်းများ၊ ဥပဒေဒီပလိုမာသင်တန်းများအတွက် လိုအပ်သောအကူအညီများပေးအပ်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ သင်တန်းကျောင်းတာဝန်ခံများက သင်တန်းများအလိုက် လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ပနိုင်ငံသို့သွားရောက် လုပ်ကိုင်နေသည့် အလုပ်သမားစာရင်းများရရှိနိုင်ရေး၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို စနစ်တကျ မှတ်ပုံတင်ထားရှိနိုင်ရေးတို့အတွက် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card-OWIC)များ၏ အချက်အလက်များ လုံခြုံမှုရှိအောင် ထိန်းသိမ်းကြရန် မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အထည်ချုပ် အခြေခံသင်တန်းဖွင့်လှစ်ပို့ချနေမှု၊ EPS အစီအစဉ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများ ကိုရီးယားဘာသာ အရည်အချင်းစစ် စာမေးပွဲဖြေဆိုနေမှု၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် မြန်မာအလုပ်သမားများအတွက် လုပ်ငန်းခွင်အကြိုသင်တန်း ဖွင့်လှစ်ပို့ချဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စည်းကမ်းနှင့်အညီ နေထိုင်၍ မိမိ၏လုံခြုံရေးကို ဂရုစိုက် ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ ရောက်ရှိ အလုပ်လုပ်ကိုင်ကြမည့် နိုင်ငံ၏ စည်းမျဉ်းစည်းကမ်း၊ ဥပဒေများကို လေးစားလိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အခက်အခဲကြုံတွေ့လာပါက သက်ဆိုင်ရာ မြန်မာသံရုံးသို့ အကူအညီ တောင်းခံကြရန် မှာကြားပြီး သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) ထုတ်ပေးရေးလုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးပြီး အလုပ်သမားများထံသို့ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC)များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းများ မှန်ကန်ပြည့်စုံစေရေးနှင့် မဲရုံများ အစီအစဉ်တကျ ခွဲဝေသတ်မှတ်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲအရာရှိများနှင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲအရာရှိများနှင့်လည်းကောင်း တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းများ မှန်ကန်ပြည့်စုံစေရေးနှင့် မဲရုံများ အစီအစဉ်တကျ ခွဲဝေသတ်မှတ်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီမှ ပေးပို့လာသော လူဦးရေစာရင်း (စတုတ္ထမူကြမ်း)တွင် ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် အိမ်ထောင်စုအမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာ အစီအစဉ်တကျ ဖြည့်သွင်းခြင်း၊ မြေပြင်နေထိုင်မှု ရှိ၊ မရှိ စိစစ်ခြင်း၊ သေဆုံးစာရင်းများ အတည်ပြုခြင်း၊ စာရင်းတွင်ပါဝင်သော်လည်း မြေပြင်တွင် နေထိုင်မှုမရှိသူများကိုစိစစ်ခြင်းနှင့် စာရင်းတွင် မပါဝင်သူများကို ထပ်တိုးစာရင်းကောက်ယူခြင်း စသည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရေးအတွက် လက်ရှိ ဆောင်ရွက်လျက်ရှိသည့် လူဦးရေစာရင်း(စတုတ္ထမူကြမ်း)၊ (ပဉ္စမမူကြမ်း) စိစစ်ခြင်းနှင့် စပ်လျဉ်း၍ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်နှင့် ပဲခူးခရိုင်အတွင်းရှိ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေမည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဧလ

# အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကျင်းပ

## Solar စီမံကိန်းများကို မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်နိုင်ရေး ဒေသအလိုက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းပူးပေါင်း



နေပြည်တော် ဖေဖော်ဝါရီ ၁၃

အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ (National Renewable Energy Committee-NREC)၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) ရှိခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ဓာတ်အားပေးစက်ရုံရှစ်ရုံရှိ**

ဦးစွာ အမျိုးသားအဆင့် ပြန်ပြည့်မြဲ စွမ်းအင်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းက ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ် (National Grid) နှင့် ချိတ်ဆက်၍ ဓာတ်အားထုတ်လုပ်သည့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ စုစုပေါင်း တပ်ဆင်အင်အား ၆၅၂၀ မဂ္ဂါဝပ် ဖြစ်ကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် စွမ်းအင်အမျိုးအစားပါဝင်မှု၌ ရေအားလျှပ်စစ်မှ ၅၀ ရာနှုန်း၊ သဘာဝဓာတ်ငွေ့မှ ၄၃ ရာနှုန်း၊ ကျောက်မီးသွေးမှ ၂ ရာနှုန်း၊ ဆိုလာမှ ၄ ရာနှုန်းနှင့် ဒီဇယ်မှ ၁ ရာနှုန်းတို့ကို ထုတ်လုပ်လျက်ရှိပါကြောင်း၊ ယင်းတွင် နိုင်ငံတော် ဓာတ်အားစနစ်နှင့် ချိတ်ဆက်ထားသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ရှစ်ရုံရှိပြီး စုစုပေါင်း တပ်ဆင်စက်အင်အား ၂၄၀ မဂ္ဂါဝပ်ရှိပါကြောင်း၊ နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် နှစ်စဉ် ၁၅ ရာနှုန်းခန့် တိုးတက်လျက်ရှိသဖြင့် လက်ရှိအချိန်အထိ လျှပ်စစ်ဓာတ်အား ရရှိမှုအချိုး (Electrification Ratio) ၆၈ ဒသမ ၆၉ ရာနှုန်းကျော် ရရှိသုံးစွဲနေပြီဖြစ်ပါကြောင်း၊ ထုတ်လုပ်မှုကို ကာမိစေရန် တည်ဆောက်ဆဲစီမံကိန်း ၁၀ ခုမှ စုစုပေါင်းတပ်ဆင်စက်အင်အား ၁၀၂၆ မဂ္ဂါဝပ်ရှိသော်လည်း အခက်အခဲများကြောင့် အကောင်အထည်ဖော်မှု နှောင့်နှေးနေပါကြောင်း။

ထို့ပြင် အကူအညီ/အထောက်အပံ့အနေဖြင့် တရုတ်နိုင်ငံမှ ၁ ဘီလီယံဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်နှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် နေရောင်ခြည်စွမ်းအင်သုံး စီမံကိန်း လေးခု၊ စုစုပေါင်း ၁၉၀ မဂ္ဂါဝပ် တည်ဆောက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ၊ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့အကြား နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အလားတူပင် အိန္ဒိယနိုင်ငံ၏ အမေရိကန်ဒေါ်လာ နှစ်သန်းထက်မပိုသော အသေးစားဖွံ့ဖြိုးမှုစီမံကိန်းအောက်မှ နေပြည်တော်ဗဟိုသင်တန်းကျောင်းအဆောက်အအုံတွင် Rooftop နှင့် Ground Mounted Solar ၇၀၀ ကီလိုဝပ် ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်အောက်မှ စီမံကိန်းတစ်ခုစီအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ဖြင့် ဆောင်ရွက်နိုင်မည့် နေပြည်တော် ဗဟိုသင်တန်းကျောင်း အဆောက်အအုံတွင် Rooftop Solar ၂၅ ကီလိုဝပ်နှင့် လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန ရုံးအဆောက်အအုံတွင် ၂၅ ကီလိုဝပ်တို့ကို ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှတစ်ဆင့် အိန္ဒိယနိုင်ငံဘက်သို့ အဆိုပြုထားရှိပါကြောင်း၊ NREC ၏ကြီးပမ်းဆောင်ရွက်မှုများသည် လျှပ်စစ်ကဏ္ဍတွင် ပြန်ပြည့်မြဲစွမ်းအင်မှ ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်ရေးနှင့် Green Growth ၊ Green Energy ၊ Green Economy ဖြစ်စေရေးတွင် တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ခွင့်ရရှိနေခြင်းလည်း ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအတွင်း Solar စီမံကိန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည် ဖော်နိုင်ရေး ဒေသအလိုက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်းနှင့် NREC ကော်မတီ၏ အနာဂတ်ရည်မှန်းချက်များအတွက် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးကို ကော်မတီဝင်များ၏ ဆွေးနွေးမှုများမှ ကောင်းမွန်သောရလဒ်များ ရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အမျိုးသားအဆင့် ပြန်ပြည့်မြဲ စွမ်းအင်ဆိုင်ရာ ကော်မတီ အတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအရ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် NREC အထောက်အကူပြု လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းအကြံပြုဆွေးနွေး**

ဆက်လက်၍ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီအဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ရောက်လာသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် လက်ရှိ ဆောင်ရွက်နေမှုအခြေအနေများ၊ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး အမျိုးသားအဆင့် ပြန်ပြည့်မြဲ စွမ်းအင်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၁၃

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံနှင့်အဖွဲ့အား နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)

ဦးစွာ ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက ကမ္ဘာပေါ်တွင် E-Sports အားကစားအဖွဲ့ချုပ်ပေါင်း ၁၄၄ ခုရှိသည့်အနက် မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ကို ဒုတိယအကောင်းဆုံး အားကစားအဖွဲ့ချုပ်အဖြစ် သတ်မှတ်ခြင်းခံရမှု၊ ပြိုင်ပွဲများများ ကျင်းပပေးနိုင်ပါက စိတ်ပါဝင်စားသူ ပိုမိုများပြားလာပြီး လူငယ်များ ကျယ်ကျယ်ပြန့်ပြန့်ကစားလာစေရန်အတွက် လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အများပြည်သူများအနေဖြင့် E-Sports အားကစားနည်းကို အားကစားနည်းတစ်ခုအဖြစ် မြင်လာအောင် စည်းမျဉ်း/စည်းကမ်းများနှင့် Technical Hand Book များကို စနစ်တကျရေးဆွဲပြီး ဖြန့်ဝေပေးသွားရန်လိုကြောင်း၊ အဖွဲ့ချုပ်မှ တာဝန်ရှိသူများအနေဖြင့် E-Sports အားကစားနည်းကို နိုင်ငံတကာမှ အသိအမှတ်ပြုလက်ခံထားသည့် အားကစားပြိုင်ပွဲ တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်လာစေရန် ဟောပြောပွဲများတွင် အသိပညာပေး ဟောပြောနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လာမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် ဆက်လက်၍ အားထည့်ပြီး ကြိုးစားပေးသွားရန်နှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များကို ပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

## ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာ ထမနဲထိုးပွဲ ကျင်းပ

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ယမန်နေ့ ညနေ ၃နာရီခွဲက ပြည်ထောင်စုနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာ ထမနဲထိုးပွဲကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးဝေယံမင်း၊ အဖွဲ့ဝင်(၂)ဦးညွန့်ဆန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ထမနဲထိုးပွဲတွင် အဖွဲ့သုံးဖွဲ့ဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ဒုက္ခငြိမ်းရာအေးမေတ္တာလူမှုကူညီရေးအသင်းအဖွဲ့တို့ဖြင့် ပျော်ရွှင်စွာ မြန်မာ့ရိုးရာ ထမနဲထိုးပွဲကျင်းပခဲ့ပြီး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

(၀၉၅)

၀-၀-၀-၀-၀



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့မှ စိုက်ပျိုးရေးတောင်သူများအား မျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၊ စံပြကွက်စိုက်ခင်းများအား ကြည့်ရှု

**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်ရှိ မြို့တော်ခန်းမတွင် ကျင်းပသည့် ကျောက်ဆည်ခရိုင်အတွင်း နွေသီးနှံစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့များနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် စပါးသီးနှံ၊ နေကြာသီးနှံ၊ နှမ်းသီးနှံနှင့် ပဲတီစိမ်းသီးနှံစိုက်တောင်သူများအတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့များနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားဖြစ်ပါကြောင်း၊ နိုင်ငံတော်က စပါးသီးနှံဖူလုံတိုးတက်စေရန်အတွက် စပါးသီးနှံပန်းတိုင်အထွက်နှုန်းတိုးတက်ရရှိရေး အလေးထားဆောင်ရွက်နေပြီး နေကြာသီးနှံ၊ နှမ်းသီးနှံ၊ ဂျုံသီးနှံ၊ ဝါသီးနှံ၊ ပဲသီးနှံ အထွက်နှုန်းပြည့်မီရေး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ အရည်အသွေးကောင်း၊ အထွက်ကောင်း မျိုးစေ့များနှင့်သွင်းအားစုများကို ဖြန့်ဖြူးပေးခြင်းဖြင့် တောင်သူများ၏ သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးကို အဓိကရည်ရွယ်ပြီး မျိုးကောင်းမျိုးစေ့များနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ပါကြောင်း၊ တောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်မြင်စေရန် များစွာအထောက်အကူဖြစ်ပါကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်း ၄ သွယ်ဖြင့် စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ စားရေရိက္ခာဖူလုံရေးအတွက် ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်အောင် ဆောင်ရွက်ရာတွင် တောင်သူများ၏ အခန်းကဏ္ဍသည် အရေးကြီးပြီး အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းထိန်က နွေသီးနှံ စိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့နှင့် သွင်းအားစု ထောက်ပံ့ပေးရခြင်းနှင့် လုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်များမှ တောင်သူများအား စပါးမျိုးစေ့၊ နှမ်းမျိုးစေ့၊ နေကြာမျိုးစေ့၊ ပဲတီစိမ်းမျိုးစေ့၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး တောင်သူများနှင့် တက်ရောက်လာကြသူများအား ရင်းနှီးစွာနှုတ်ဆက်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဆည်မြို့နယ်ရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနခြံသို့ ရောက်ရှိပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက မြေယာအသုံးချမှု၊ မိုးရာသီတွင် ဆောင်ရွက်ခဲ့သော စပါးသီးနှံ သုတေသနလုပ်ငန်းများ၊ ကုလားပဲသီးနှံ၊ ဂျုံသီးနှံနှင့်နေကြာသီးနှံ သုတေသနလုပ်ငန်းများ၊ မိုးကြိုရာသီတွင် ဆောင်ရွက်မည့် စပါးသီးနှံသုတေသနလုပ်ငန်းများနှင့် ပတ်သက်၍ ၂၀၂၄-၂၀၂၅ ခုနှစ် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လယ်ယာကဏ္ဍတွင်ပါဝင်သည့် စိုက်ပျိုးသီးနှံများပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊တောင်သူများအား အရည်အသွေးကောင်းမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးနိုင်ရေးတို့အတွက် သုတေသနလုပ်ငန်းသည် အလွန်အရေးကြီးပါကြောင်း၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် စားရေရိက္ခာဖူလုံရေးအတွက် နိုင်ငံတော်မှ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မူဝါဒများကို အလေးအနက်ထားကာ အောင်မြင်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စဉ့်ကိုင်မြို့နယ်၊ အုန်းပင်ခြံကျေးရွာအုပ်စု၊ အုန်းပင်ခြံကျေးရွာရှိ တောင်သူဦးတွတ်၏ ဆောင်းနေကြာ(ဆင်းရွှေကြာ-၂) မျိုးစေ့ထုတ် ဧက(၃၀)စံပြကွက် စိုက်ခင်းသို့ ရောက်ရှိပြီး တောင်သူများ၊ မန္တလေးတိုင်းဒေသကြီးအတွင်း စာတွေ့လက်တွေ့ ကွင်းဆင်းနေသည့် တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းကျောင်း(အင်းစိန်)၊ တစ်နှစ်ဒီပလိုမာသင်တန်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းနှီးစွာ တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်က စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများ၊ တောင်သူများအား မျိုးစေ့များနှင့် သွင်းအားစုများ ထောက်ပံ့ပေးနေမှုများ၊ တောင်သူများမှ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးနေမှုများကို ပြောကြားပြီး စံပြစိုက်ကွင်းအတွင်း ရှင်သန်ဖြစ်ထွန်းနေမှုများ၊ နေကြာသီးနှံအထွက်နှုန်းကောင်းမွန်စေရန် ပျားဝတ်မှုန်ကူးခြင်းနှင့် ပျားအုံမှ ပျားရည်ထုတ်လုပ်ခြင်းလုပ်ငန်းအဆင့်ဆင့် သရုပ်ပြသမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**











# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၅)သို့ တက်ရောက်

**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၅)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန၊ တိုင်းဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)




# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မန္တလေးပညာရေးဒီဂရီကောလိပ်တွင် အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေးပညာရေးဒီဂရီကောလိပ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အားကစားပြိုင်ပွဲများ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အဆိုပါ ဒီဂရီကောလိပ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးနှင့် အားကစားပြိုင်ပွဲကျင်းပရေးကော်မတီအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများမှ ပန်းဖွားအက၊ Fitnes Dance ဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီးနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မဟာအောင်မြေခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာမကြီးက ကျောင်းတွင်းအားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၆ မျိုးအား အားကစားနည်းအလိုက် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုတံဆိပ်များကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)











သတင်း-စာမျက်နှာ ၅






# CENTRAL BUSINESS DISTRICT ကွဲဆည်ကန် ကားကြီးကွင်းနှင့် အိမ်ရာစီမံကိန်း ပန္နက်တင်မင်္ဂလာ အခမ်းအနား ကျင်းပ





**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် M-Development City Co.,Ltd တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် (CENTRAL BUSINESS DISTRICT-KYWE SEL KAN) CBDကွဲဆည်ကန် ကားကြီးကွင်းနှင့် အိမ်ရာစီမံကိန်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ် ၁၁၄လမ်းနှင့်၁၁၅ လမ်းကြား၊ ၇၄လမ်းနှင့်၇၅လမ်းကြား၊ ချမ်းမြသာယာရပ်ကွက်ရှိ ချမ်းမြရွှေပြည် ခရီးသည်တင်ယာဉ်ရပ်နားစခန်း CBD (ကွဲဆည်ကန်)ကားကြီးကွင်း တည်ဆောက်မည့် မြေနေရာ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့် တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ M-Development City Co.,Ltd ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လေ့လှော်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် ကုမ္ပဏီတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ပန္နက်တင်မင်္ဂလာအခမ်းအနား စတင်ကြောင်း ကြေညာကာ မင်္ဂလာစကားပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် ကုမ္ပဏီဒုတိယဥက္ကဋ္ဌတို့က ပန္နက်တင်မည့် သတ်မှတ်နေရာ အသီးသီးတွင် မင်္ဂလာအချိန်၌ ပန္နက်တိုင်များကို ရိုက်သွင်း၍ ပန္နက်တော်တင်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကာ ရွှေမိုး၊ ငွေမိုး ရွာသွန်းခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

ထို့အပြင် CBD ကွဲဆည်ကန် ကားကြီးကွင်းနှင့် အိမ်ရာစီမံကိန်း လုပ်ငန်းစတင်ဆောင်ရွက်ရာတွင် အောင်မြင်စေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် နံနက် ၆ နာရီတွင် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်ခြင်းနှင့် မြေနတ်၊ မြေသန့်မင်္ဂလာကိုလည်းကောင်း၊ တည်ဆောက်ရေးကုမ္ပဏီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုတောင်းမေတ္တာပို့သခြင်း အစီအစဉ်တို့ကိုလည်းကောင်း ဆောင်ရွက်ကြသည်။

ယခုတည်ဆောက်မည့် ချမ်းမြရွှေပြည် ခရီးသည်တင်ယာဉ်ရပ်နားစခန်း CBD(ကွဲဆည်ကန်)ကားကြီးကွင်း၌ ယာဉ်လိုင်းဂိတ်ခန်းများ၊ လူနေအိမ်ရာများ၊ ရှော့ပင်းမောလ်၊ ပန်းခြံ၊ ရေကူးကန်၊ ဖျော်ဖြေရေးရုပ်ရှင်ရုံစသည်တို့ ပါဝင်သည့် ခေတ်မီအဆင့်မြင့် ဒီဇိုင်းဖြင့် ဖေဖော်ဝါရီလမှ စတင်၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲသစ်များ ဝင်ရောက်လာသော်လည်း ဈေးကောင်း မရရှိသေး

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲသစ်များ ဝင်ရောက်လာသော်လည်း ဈေးကောင်း မရရှိသေးကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ပို့ကုန်မတ်ပဲဈေးမှာ တည်ငြိမ်သော်လည်း ပဲစင်းငုံမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ ကျော်ဖြင့် အနည်းငယ်အတက်အကျရှိသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ် ခပ်သွက်သွက်ပြုလုပ်နေကြသည်။

မန္တလေးဈေးကွက်တွင် နယ်စုံမှ ကုလားပဲသစ်များ ပဲမာလိုင်းများ အသစ်ဝင်ရောက်မှု ရှိလာသော်လည်း ဈေးကောင်းမရရှိသေးကြောင်း၊ ပဲစင်းငုံမှာ အမြတ်နည်းနည်းဖြင့် ခပ်သွက်သွက် အရောင်းအဝယ်လုပ်နေကြပြီး ပမာဏများများ ဝယ်ယူတာမျိုး မရှိသေးကြောင်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀-၂၇၆၀၀၀ ပေါက်ဈေးဖြစ်လာကြောင်း လက်ရှိပြည်တွင်းဒေါ်လာဈေး တည်ငြိမ်မှုကြောင့်လည်း ပို့ကုန်ပဲများဈေးအတက်အကျအနည်းငယ်သာရှိကြောင်း ရွှေစင်သိန်းပွဲရုံ ပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

"ပြည်တွင်းသုံးကုလားပဲများ အသစ်ဝင်ရောက်မှုများ ရှိလာသလို သုံးတင်းဝင်တစ်အိတ်လျှင် ၂၃၀၀၀၀-၂၃၅၀၀၀ လောက်နဲ့ ဈေးအေး၊ အရောင်းအေးဖြစ်နေပါတယ်၊ ပဲစင်းငုံကတော့ အနည်းငယ် တက်လိုက်၊ ကျလိုက်နဲ့ အရောင်းအဝယ်သွက်သွက်ရောင်းဝယ်နေကြပါတယ်၊ ပြည်တွင်းဒေါ်လာဈေးတည်ငြိမ်မှုကြောင့်လည်း ပို့ကုန်ပဲဈေးများ ဈေးကျဆင်းနေတာမျိုးပါ၊ လက်ရှိမန္တလေးဈေးကွက်ကို ပဲသစ်များ ဝင်ရောက်မှုကလည်း ခန့်မှန်းရခက်ပါတယ်" ဟု ၄င်းက ပြောသည်။

ပြည်တွင်းပဲ၊ နှမ်းဈေးကွက်အတွင်း အသစ်ဝင်ပဲမျိုးစုံဝင်ရောက်မှုမှာ တဖြည်းဖြည်းဝင်ရောက်နေခြင်းကြောင့် ဈေးအတက်အကျအနည်းငယ်ရှိသော်လည်း လက်ရှိပေါက်ဈေးများထက် ဈေးနှုန်းထပ်မံကျဆင်းနိုင်တာမျိုး မရှိနိုင်တော့ကြောင်း ပဲကုန်သည်များက သုံးသပ်ထားသည်။

ဖေဖော်ဝါရီ ၁၃ ရက်တွင် ပို့ကုန်မတ်ပဲ(အသစ်)တစ်အိတ်လျှင် ငွေကျပ် ၂၇၇၅၀၀၊ ပဲစင်းငုံမှာ ပဲနှမ်းဈေးကွက်အတွင်း စတင်ဝင်ရောက်လာရာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀-၂၇၆၀၀၀ ခန့် ပေါက်ဈေးရှိနေသည်။ ပဲတီစိမ်း(အညာ) တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀ ပေါက်ဈေး ရှိနေသည်။

အသစ်ဝင် ပဲမာလိုင်းများမှာ ပဲလွန်းဖြူပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀၊ ပဲလွန်းပြာ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀၊ စားတော်ပဲ (ကနေဒါ) တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀၊ မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၆၀၀-၉၇၀၀ ပေါက်ဈေးရှိနေသည်။

မန္တလေး ဈေးကွက်တွင် ပြောင်းဖူး(ဗမာ) ၅၄ပိဿာတစ်အိတ်လျှင် ငွေကျပ် ၈၃၀၀၀၊ ပြောင်းဖူး(ရှမ်း)၅၄ပိဿာတစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀၊ ပြောင်းဖူး(CP)၅၄ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၈၄၀၀၀၊ အထွက်တိုးပြောင်း(နီ)၅၃ပိဿာတစ်အိတ်လျှင် ငွေကျပ် ၈၃၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံ ဈေးကွက်မှာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ဆောင်းနှမ်းအသစ်များ ဝင်ရောက်လာရာ ဆောင်းနှမ်းနက် တစ်အိတ်လျှင် ငွေကျပ် ၅၂၀၀၀၀-၅၃၀၀၀၀၊ နှမ်းဖြူ(ဂျပန်)တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ နှမ်းဖြူ(ဗမာ) တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ ပေါက်ဈေးရှိနေပြီး ဈေးကွက်အတွင်း နှမ်းမျိုးစုံ ဝင်ရောက်မှုနည်းပါးသွားကြောင်း သိရသည်။ **(အောက်ဝဲပုံ)ရွှေမန်း**



## တောင်တွင်းကြီးမြို့နယ်တွင် မြန်မာ့ရိုးရာမပျက် စုပေါင်းထမနဲထိုးပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်လုံးဆိုင်ရာ မြန်မာ့ရိုးရာမပျက် စုပေါင်းထမနဲထိုးပြိုင်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၂နာရီတွင် တောင်တွင်းကြီးမြို့နယ် ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျ ရခိုင်ဘုရားကြီးဝန်း၌ ဖျော်ဖြေရေးအဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ၊ ရပ်ကွက်အသီးသီးမှ ပြိုင်ပွဲဝင် အသင်းသားများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြသည်။ (ယာပုံ)

အဆိုပါပြိုင်ပွဲတွင် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြိုင်ပွဲဝင်အဖွဲ့များဖြစ်ကြသည့် အုန်းတော(၁)ရပ်ကွက်၊ အုန်းတော(၂)ရပ်ကွက်၊ ရွှေကြာအင်း(၁)ရပ်ကွက်၊ မောင်းတိုင်(၂)ရပ်ကွက်၊ တောင်ပြင်(၂)ရပ်ကွက်၊ ရွှေအိုး(၂)ရပ်ကွက်၊ တရုတ်ကောကျေးရွာအုပ်စုနှင့် အောင်းစုကျေးရွာအုပ်စုတို့ ယှဉ်ပြိုင်ခဲ့ကြရာ အမှတ်ပေးဒိုင်အဖွဲ့က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများဖြစ်သည့် ကြိုတင်ပြင်ဆင်မှု၊ စည်းကမ်းလိုက်နာမှု၊ စည်းလုံးညီညွတ်မှု၊ နည်းစနစ်မှန်ကန်မှုနှင့် သန့်ရှင်းသပ်ရပ်မှုတို့ကို စိစစ်အမှတ်ပေးခဲ့ကြပြီး ထမနဲထိုးပြိုင်ပွဲ စတင်ကျင်းပဆောင်ရွက်ခဲ့ပြီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ဧည့်ပရိသတ်များက အိုးစည်ဒိုးပတ်များတီး၍ ကခုန်အားပေးကြည့်ရှုခဲ့ကြသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အဖွဲ့များ၏ ပျော်ရွှင်စွာ စုပေါင်းထမနဲထိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ပထမဆု ငွေကျပ် ၅သိန်း၊ ဒုတိယဆု ငွေကျပ် ၄သိန်း၊ တတိယဆု ငွေကျပ် ၃ သိန်းနှင့် နှစ်သိမ့်ဆု ၂ဆုတို့ကို ဆုရရှိသည့် အဖွဲ့များအား ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**နောင်နောင်(မိသနီးမြေ)**



## အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ဝါရှင်တန်သို့ ရောက်ရှိလာ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် အိမ်ဖြူတော်၌ တွေ့ဆုံ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၃**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် ဖေဖော်ဝါရီ ၁၂ရက် ညနေပိုင်းတွင် ဝါရှင်တန်သို့ ရောက်ရှိလာခဲ့ပြီး ဖေဖော်ဝါရီ ၁၃ရက်တွင် အိမ်ဖြူတော်၌ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် တွေ့ဆုံခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



မိတ်ဆွေများအဖြစ် အကြိမ်ကြိမ် အပြန်အလှန်ထုတ်ဖော်ပြောကြားခဲ့ပြီး ပူးတွဲနိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့ဖူးကြသော်လည်း ထရမ့်၏ အကောက်ခွန်ခြိမ်းခြောက်မှုများနှင့် နိုင်ငံကူးပြောင်း နေထိုင်သူများအား နိုင်ငံခြားသို့ပြန်ပို့ခြင်းဆိုင်ရာ အခြေအနေများကြောင့် ဆက်ဆံရေး စမ်းသပ်စစ်ဆေးခံနေရသည့်အချိန်တွင် နာရင်ဒရာမိုဒီ ဝါရှင်တန်သို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

ထရမ့်အနေဖြင့် ၎င်း၏ ဒုတိယသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုပြီးတစ်ပတ်အကြာ ဇန်နဝါရီ ၂၇ရက်တွင် ဖုန်းပြောပြီးနောက် မိုဒီ၏ အမေရိကန်သို့ခရီးစဉ်ကို အတည်ပြုကြေညာခဲ့သည်။

မိုဒီနှင့်ဖုန်းပြောပြီးနောက် အမေရိကန်တွင် မှတ်ပုံတင်ခြင်းမရှိသော အိန္ဒိယရွှေ့ပြောင်းနေထိုင်သူများနှင့်ပတ်သက်၍ မှန်ကန်စွာ ၎င်းလုပ်ဆောင်လိမ့်မည်ကို မိမိယုံကြည်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



ပြင်သစ်နှင့် အိန္ဒိယနိုင်ငံ နျူကလီးယားဓာတ်ပေါင်းဖိုနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူညီခဲ့ကြသော ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီတို့နှစ်ဦးကို ပြင်သစ်နိုင်ငံပဲရစ်မြို့တော်၌ ဖေဖော်ဝါရီ ၁၂ရက်က တွေ့ရစဉ်။ **Mon**

## အစ္စရေးနှင့် ဟားမတ်စ်တို့အကြား ဂါဇာသဘောတူညီချက် ယခုအခါတွင် လုံးဝပျက်ပြားလုနီးပါးဖြစ်နေပြီဟုဆို

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၃**

အစ္စရေးနှင့် ဟားမတ်စ်တို့အကြား ဂါဇာငြိမ်းချမ်းရေးသဘောတူညီချက်သည် ဇန်နဝါရီ ၁၉ရက်နေ့တွင် စတင်အသက်ဝင်လာခဲ့ပြီးနောက် ယခုအခါတွင် လုံးဝပျက်ပြားလုနီးပါးဖြစ်နေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

သို့ရာတွင် ဒေသဆိုင်ရာညှိနှိုင်းသူများဖြစ်သည့် အီဂျစ်နှင့် ကာတာနှစ်နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ကယ်တင်ရန် သံသမန်ရေးရာကြိုးပမ်းမှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်ဟု အီဂျစ်နိုင်ငံမှ အကြီးတန်းအရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

လက်ရှိအကျပ်အတည်းကို ထိန်းသိမ်းရန် ဆွေးနွေးမှုများအတွက် ကိုင်ရိုမြို့တော်သို့ မိမိတို့ဘက်မှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း ဟားမတ်စ်ပြောခွင့်ရသူက ဆိုသည်။

ထို့ပြင် မူလသဘောတူညီချက်၏ စည်းမျဉ်းများနှင့်ပတ်သက်၍ အပြည့်အဝ ကတိကဝတ်ပြုထားကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

"ဖေဖော်ဝါရီ ၁၅ရက် နေ့လယ်ခင်း နောက်ဆုံးထား၍ မိမိတို့၏ ဓားစာခံများကို လွှတ်မပေးပါက စစ်ပြေငြိမ်းမှုဖျက်သိမ်းကာ အစ္စရေးတပ်ဖွဲ့များ၏ ပြင်းထန်စွာ တိုက်ခိုက်မှုများ ပြန်စမည်"ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု ပြောကြားပြီးနောက် ဟားမတ်စ်ကိုယ်စားလှယ်အဖွဲ့ ကိုင်ရိုသို့ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

**Mon**





## အင်ဒိုနီးရှားအရှေ့ပိုင်းရှိ လီဝိုတိုဘီ လာကီ-လာကီ မီးတောင် ပေါက်ကွဲမှုမဖြစ်ပွားမီ ကျေးရွာခြောက်ရွာကို ရွှေ့ပြောင်းစေခဲ့

**ဂျကာတာ ဖေဖော်ဝါရီ ၁၃**

အင်ဒိုနီးရှား အရှေ့ပိုင်းရှိ လီဝိုတိုဘီ လာကီ-လာကီ မီးတောင်နှင့်ပတ်သက်၍ သတိပေးချက်အဆင့်ကို ဖေဖော်ဝါရီ ၁၃ရက်တွင် အမြင့်ဆုံးသို့ မြှင့်တင်ခဲ့ပြီး ဖြစ်နိုင်ခြေရှိသော မီးတောင်ပေါက်ကွဲမှုမဖြစ်ပွားမီ ကျေးရွာခြောက်ရွာကို ရွှေ့ပြောင်းရန် ဒေသဆိုင်ရာအာဏာပိုင်များက အမိန့်ပေးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခရီးသွားဧည့်သည်များလာရောက်လည်ပတ်လေ့ရှိသော ဖလိုရက်စ်ကျွန်းရှိ ထိုမီးတောင်သည် နိုဝင်ဘာလက အကြိမ်ကြိမ်ပေါက်ကွဲခဲ့ပြီး လူကိုးဦးသေဆုံးကာ ဘာလီသို့ပျံသန်းမည့် လေကြောင်းလိုင်းခရီးစဉ်များစွာကို ပယ်ဖျက်ခဲ့ရပြီး ထောင်နှင့်ချီသော ကျေးရွာသားများကို ရွှေ့ပြောင်းစေခဲ့သည်။

၁၇၀၃ မီတာမြင့်သော ထိုမီးတောင်တစ်ဝိုက်တွင် ငလျင်နှင့် မီးတောင်လှုပ်ရှားမှုများမြင့်တက်လာပြီးနောက် နောက်ဆုံးအရေးပေါ်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Mon**

## လေယာဉ်ပေါ်တွင် သယ်ဆောင်ခွင့်ပြုသည့်ပစ္စည်းများအနက် လက်ကိုင်ဘက်ထရီအရေအတွက်နှင့် အမျိုးအစားကို ကန့်သတ်

**ဆိုးလ် ဖေဖော်ဝါရီ ၁၃**

လွန်ခဲ့သောလတွင် ဘူဆန်လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်ပေါ်၌ မီးလောင်မှုဖြစ်ပွားပြီးနောက် လေကြောင်းလုံခြုံရေးစည်းမျဉ်းများကို ပိုမိုတင်းကျပ်စေရန် စီမံဆောင်ရွက်ချက်များကို ဖေဖော်ဝါရီ ၁၃ရက်တွင် ကိုရီးယားသမ္မတနိုင်ငံသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန က ကြေညာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းစီမံဆောင်ရွက်ချက်များတွင် လေယာဉ်ပေါ်တွင် သယ်ဆောင်ခွင့်ပြုသည့် လက်ကိုင်ဘက်ထရီအရေအတွက်နှင့် အမျိုးအစားများကို ကန့်သတ်ခြင်းလည်း ပါဝင်သည်။

ကိုရီးယားသမ္မတနိုင်ငံတောင်ပိုင်းရှိ ဂင်မ်ဟဲအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဟောင်ကောင်သို့ ထွက်ခွာရန် ပြင်ဆင်နေစဉ် ကိုရီးယားလေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်းပေါ်၌ မီးလောင်မှုဖြစ်ပွားပြီးနောက် ယင်းစီမံဆောင်ရွက်ချက်များကို လာမည့် မတ် ၁ရက်မှ စတင်အသက်ဝင်စေမည်ဖြစ်သည်။

လုံခြုံရေးဆိုင်ရာ စည်းမျဉ်းအသစ်များအရ ခရီးသည်များသည် ၁၀၀ ဝပ်နာရီရှိသော လက်ကိုင်ဘက်ထရီများကို အများဆုံး ၅ခုအထိ သယ်ဆောင်ခွင့်ပြုမည်ဖြစ်ပြီး ၁၆၀ ဝပ်နာရီကျော်သော ဘက်ထရီများကို လေယာဉ်ပေါ်တွင် သယ်ဆောင်ခွင့်ပြုတော့မည်မဟုတ်ကြောင်း သိရသည်။

**Mon**



## အမေရိကန်နှင့် ရုရှား ဆက်ဆံရေးမြှင့်တင်မှုအစီအစဉ်အရ အကျဉ်းသားတစ်ဦးစီ အပြန်အလှန်လွှတ်ပေးခဲ့ကြ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၃**

ဖေဖော်ဝါရီ ၁၂ရက်တွင် အမေရိကန်နှင့်ရုရှား နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်မှုအစီစဉ်အရ အလက်ဇန္ဒားဗင်နစ်ဟု အမည်ရသော ရုရှားဆိုက်ဘာရာဇဝတ်ကောင်တစ်ဦးကို အမေရိကန်ပြည်ထောင်စုရှိ အကျဉ်းထောင်မှလည်းကောင်း အမေရိကန်ဆရာမာ့ခ်ဖိုဂဲလ်ကို ရုရှားအကျဉ်းထောင်မှလည်းကောင်း လွှတ်ပေးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဤပြန်လည်လွှတ်ပေးမှုများကို အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ရုရှားနှင့် ဆက်ဆံရေးတိုးမြှင့်ရန်နှင့် ယူကရိန်းစစ်ပွဲအဆုံးသတ်ရန် ကြိုးပမ်းနေချိန်တွင် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ကယ်လီဖိုးနီးယားအလယ်ပိုင်းတွင် ရုရှားသို့ပြန်ရန် စောင့်ဆိုင်းနေသည့် လွတ်မြောက်လာသော ရုရှားဟက်ကာနှင့် ငွေကြေးခဝါချသူ အလက်ဇန္ဒားဗင်နစ်အနေဖြင့် အမေရိကန်အစိုးရထံ ဒေါ်လာသန်း ၁၀၀ ကျော် လွှဲပြောင်းပေးရမည်ဟု ဆိုသည်။

၂၀၁၇ ခုနှစ်တွင် ဂရိနိုင်ငံ၌ ငွေကြေးခဝါချမှုစွဲချက်ဖြင့် ၎င်းဖမ်းဆီးခံရပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်သို့ လွှဲပြောင်းပေးခံခဲ့ရသည်။

အမေရိကန်ဆရာမာ့ခ်ဖိုဂဲလ်မှာ မူ ၂၀၂၁ ခုနှစ်က မော်စကိုလေဆိပ်တွင် ဆေးဘက်ဝင်ဆေးခြောက်အနည်းငယ်ဖြင့် ဖမ်းဆီးခံရပြီး မူးယစ်ဆေးဝါးမှောင်ခိုမှုဖြင့် ထောင်ဒဏ်ကျခံနေရခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## ဟွန်ဒါနှင့်နစ်ဆန်ကားထုတ်လုပ်ရေးကုမ္ပဏီကြီးနှစ်ခု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် ပျက်သွားခဲ့

**တိုကျို ဖေဖော်ဝါရီ ၁၃**

ဂျပန်အခြေစိုက်မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီကြီးနှစ်ခုဖြစ်သော ဟွန်ဒါနှင့် နစ်ဆန်တို့သည် သဘောတူညီမှုမရခဲ့သဖြင့် အမေရိကန်ဒေါ်လာဘီလီယံချီတန်သော ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် ပျက်သွားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကုမ္ပဏီကြီးနှစ်ခုနှင့်အတူ လုပ်ငန်းများပေါင်းစည်းရန် ရည်ရွယ်ခဲ့သော ၎င်းတို့၏ မိတ်ဖက်ကုမ္ပဏီအဖြစ် မစ်ဆူဘီရှီ လည်း ပါဝင်ခဲ့သည်။အကယ်၍ ထိုကုမ္ပဏီများ ပေါင်းစည်းနိုင်ခဲ့ပါက တိုယိုတာ၊ ဖောက်စဝက်ဂွန်၊ ဟွန်ဒဲတို့ပြီးလျှင် ကမ္ဘာ့စတုတ္ထမြောက်အကြီးဆုံး ကားထုတ်လုပ်ရေးကုမ္ပဏီ ဖြစ်လာမည်ဖြစ်ပြီး စုစုပေါင်း တန်ဖိုးမှာ ဒေါ်လာ ၆၀ ဘီလီယံ ခန့်ရှိမည်ဟုဆိုသည်။




နစ်ဆန်သည် ဂျပန်၏ ဒုတိယအကြီးဆုံးကားထုတ်လုပ်ရေးကုမ္ပဏီ ဖြစ်ခဲ့သော်လည်း ရောင်းအားကျဆင်းမှုများနှင့် အကြီးတန်းအမှုဆောင်များအကြား ပဋိပက္ခများကြောင့် နစ်နာခဲ့ကြောင်း သိရသည်။

**Mon**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မီးဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

**မိုင်းဆတ် ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့၊ ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ ကျောင်းအခြေပြု မီးဘေးအန္တရာယ် အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ခရိုင်မီးသတ်ဦးစီးမှူး ဦးစိန်ခိုင်က မီးဘေးအန္တရာယ် အသိပညာပေး အကြောင်းအရာများ၊ မီးသတ်ဆေးဘူးကိုင်သွယ် အသုံးပြုနည်းများကို ရှင်းလင်းဟောပြောပြီး ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင် ၂၃ ဦးက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းနှင့်ရေစိုအဝတ်ဖြင့် ဖုံးအုပ်၍ မီးငြိမ်းသတ်နည်းတို့ကို လက်တွေ့သရုပ်ပြရာ ကျောင်းသား၊ ကျောင်းသူများကလည်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မီးဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို အမှတ်(၁)အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ၂၀၀ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**အားကစားမြင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင် မူးယစ်ဆေး။**

## ဒီပဲယင်းမြို့ရှိနေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု မဟုတ်မမှန်၊ သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်း တိုင်းဒေသကြီး ဒီပဲယင်းမြို့ပေါ် ရပ်ကွက်များရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် မီးရှို့ဖျက်ဆီးပြီး လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက Online သတင်း စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့်သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်း သိရှိရပြီး အကြမ်းဖက်သမားများ အနေဖြင့် နယ်မြေ တည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုအား ငွေကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းနှင့် အနိုင်ကျင့်ခြိမ်းခြောက်မှုများအား ဥပဒေမဲ့ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ရပ်ကွက်၊ ကျေးရွာများရှိ လူနေ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို တရားမဝင် ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့အခြေအမြစ်မရှိသည့် ဓာတ်ပုံများကို အသုံးပြု၍ ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက် ည ၁၀ နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီးမှ ရန်ကုန်ဘက်သို့ အားဘ(ခ) အားဆာ မောင်းနှင်ပြီး မမိုးမိုးအေး လိုက်ပါလာသည့် MITSUBISHI PAJERO မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ အလားတူ ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီခွဲက ကရင်ပြည်နယ်၊ ဘားအံမြို့၊ အဝေးပြေးကားကြီးဝင်းတွင် ထွန်းဇော်ဒေးဦးနှင့် မဖြူဖြူအောင်တို့ ၂ ဦးအား TOYOTA NOAN VOXY မော်တော်ယာဉ်တစ်စီးနှင့်အတူ ငါးခြောက်အိတ်များအတွင်း သို၀ှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၉ သိန်း ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၂ နာရီက မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ စောအုန်းကြွယ်(ခ)အုန်းကျော်အား မော်တော်ဆိုင်ကယ် တစ်စီးနှင့်လည်းကောင်း၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်တွင် တိုးတက်ထွန်း(ခ)တိုးကြီးနှင့် ကောင်းဆက်ကျော်(ခ)ကိုဆက်တို့အား TOYOTA WISH မော်တော်ယာဉ် တစ်စီးနှင့်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သဖြင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ မြဝတီနယ်စပ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၆ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုးကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုးကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၇ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာ ယာယီယာဉ်စစ်ကွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Truck တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံ့တလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ယာဉ်နှစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ဝ၇၁ တန်၊ သစ်မာ ဝ ဒသမ ၃၁၆ တန်၊ အခြားသစ် ဝ ဒသမ ၂၀၂ တန်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပလိပ်နှင့်မြစ်ငယ်လမ်းကြား၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးကိုလည်းကောင်း၊ ပလိပ်လမ်းခွဲအနီး စိန်စီအောင် ဆီဆိုင်အနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးနှင့် Isuzu Truck တစ်စီးကိုလည်းကောင်း၊ ထုံးဘိုမြစ်ငယ်တိုးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Higer Bus တစ်စီးကိုလည်းကောင်း၊ ပလိပ်မြို့ Denko ဆီဆိုင်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Truck တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲ ဒုတိယနေ့တွင် လာရောက်သူများနှင့် စည်ကား






**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ဒုတိယနေ့ဖြစ်သည့် ယနေ့တွင် လာရောက်သူများနှင့် စည်ကားများပြားကြောင်း သိရသည်။

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့် ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းတွင် ကျင်းပလျက်ရှိကာ မြမာလာ ရောင်စုံပန်းအလှဥယျာဉ်တည်ဆောက်ပေးထားခြင်း၊ ဌာနဆိုင်ရာ ပြခန်းများ ပြသထားခြင်းတို့အပြင် တေးဂီတဖျော်ဖြေမှု၊ ပျိုးဥယျာဉ်များ၊ စားသောက်ဆိုင်များ စသည်တို့ စီစဉ်ထားရှိသည်။

"မြို့တော်စည်ပင်သာယာရဲ့ ဌာနအသီးသီးက ပြခန်းတွေနဲ့ တခြားဌာနဆိုင်ရာ ပြခန်းတွေကို ကြည့်ရင် ဒီနေ့မှာ ဝင်ရောက်လေ့လာတဲ့ သူတွေတော်တော်များတယ်။ မြမာလာပန်းအလှဥယျာဉ်ထဲမှာ ရောင်စုံပန်းတွေနဲ့ အလှပုံဖော်ထားတဲ့အပြင်တိရစ္ဆာန်ရုပ်တုတွေ၊ အပန်းဖြေထိုင်ခုံတွေထားရှိပေးထားလို့ ကလေးလူကြီး အပန်းဖြေနားနေကြတာတွေ့ရတယ်။ ဒါ့အပြင် ဥယျာဉ်ထဲမှာ အလှဓာတ်ပုံရိုက်ကြသူတွေ၊ တေးဂီတနားထောင်တဲ့သူတွေ သွားနေရာနဲ့သူစည်ကားနေတယ်။ ညနေပိုင်းဆိုရင် ပိုပြီးတော့လာတဲ့သူ များတာ တွေ့ရတယ်"ဟု ပြပွဲ၊ ပြိုင်ပွဲ ကော်မတီတာဝန်ရှိသူတစ်ဦးက ပြောသည်။

သစ်သီးဝလံပန်းမန်ပြပွဲသို့ မြို့နေပြည်သူများ၊ ပန်းအလှပင် ပျိုးပင်ချစ်မြတ်နိုးသူများ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ စိတ်ဝင်စားသူများ လာရောက်ကြကြောင်း၊ ပြခန်းအသီးသီးသို့လည်း ဝင်ရောက်လေ့လာကြရာ ပြခန်းအသီးသီးမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

ဝ-ဝ-ဝ-ဝ-ဝ









စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။

## မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီမှ ကြီးမှူး၍ Qualified Futsal Cup Mandalay 2025 ဗိုလ်လုပွဲကျင်းပ၊ ဆုများချီးမြှင့်




**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီမှ ကျင်းပမည့် Royal D - Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ဖီဂလမ်း၊ မန္တလာသီရိ အားကစားကွင်းရှိ ဘက်စုံအားကစားခန်းမတွင် ကျင်းပသည်။

Royal D - Qualified Futsal Cup Mandalay 2025 ဗိုလ်လုပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ တိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးဇာနည်ကို၊ ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဦးစောထွန်းမောင်နှင့် ဖူဆယ်ဘောလုံးဆပ်ကော်မတီဝင်များ၊ ဒိုင်အဖွဲ့များ၊ အသင်းအုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲစဉ်တွင် မလိကြယ်စင်အသင်းက SKFC အသင်းကို (၆)ဂိုး (၂)ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး အကောင်းဆုံးကစားသမားဆုကို သီဟကိုကို(မလိကြယ်စင်)အသင်းက ရရှိခဲ့သည်။ တတိယဆုကို Phoenix အသင်းက ရရှိခဲ့ပြီး တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။ ပြိုင်ပွဲတွင် အသင်း ၃၄ သင်းဖြင့် ကျင်းပခဲ့ပြီး ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယ ငွေကျပ် ခုနစ်သိန်း၊ တတိယ ငွေကျပ် ငါးသိန်း၊ အကောင်းဆုံးကစားသမား ငွေကျပ် တစ်သိန်း ချီးမြှင့်သည်။ ပထမ၊ ဒုတိယ ရရှိသောအသင်းများသည် မန္တလာဖူဆယ်လိဂ် ၂၀၂၅ သို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ကြောင်း သိရသည်။ **(အပေါ်ဝံပုံ)(၀၄၅)**



## ဆိုလာစနစ်ဖြင့်စိုက်ပျိုးရေပေး အဝီစိရေတွင်း(၂)တွင်းအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာနမှ ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျောက်ဆည်မြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့ ပူးပေါင်း၍ ဒွေးလှကျေးရွာတွင် တူးဖော်ထားသည့် ၁ နာရီ ဂါလန် ၃၀၀၀ ထွက်ရှိသည့် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေပေး အဝီစိတွင်း ၂ တွင်းအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ ဆိုလာစနစ်သုံး အဝီစိရေတွင်းများသည် ဒွေးလှကျေးရွာ လယ်ယာမြေနှင့် အထွေထွေသမဝါယမအသင်းသားတောင်သူ ဦးနေဝင်းနှင့် ဦးယဉ်မင်းထွန်းတို့၏ စိုက်ပျိုးမြေများတွင် တူးဖော်ထားသည့် အနက် ၃၀၀ ပေ၊ အကျယ် ၄ လက်မ အဝီစိတွင်းများဖြစ်ပြီး ရေတွင်း ၁ တွင်းလျှင် ၄၃ ဗို့ထွက်ရှိသည့် အလျား ၈ ပေ၊ အနံ ၄ ပေ ဆိုလာချပ် ၁၂ ချပ်စီ တပ်ဆင်အသုံးပြုထားကြောင်း၊ တောင်သူ ဦးနေဝင်း၏ အမှတ်(၁)အဝီစိရေတွင်းသည် ၁ နာရီလျှင် ရေဂါလန် ၃၂၀၀ ထွက်ရှိပြီး အကျိုးပြုတောင်သူ ရှစ်ဦး၏ စိုက်ပျိုးမြေ ၂၄ ဧကအား နှစ်ပတ်လည် စိုက်ပျိုးရေများပေးဝေနိုင်တော့မည်ဖြစ်ပြီး တောင်သူ ဦးယဉ်မင်းထွန်း၏ အမှတ်(၂)အဝီစိရေတွင်းသည် ၁ နာရီ ရေဂါလန် ၃၀၀၀ ထွက်ရှိပြီး အကျိုးပြုတောင် သူကိုးဦး၏ စိုက်ပျိုးမြေ ၃၃ ဧကအား နှစ်ပတ်လည်စိုက်ပျိုးရေများပေးဝေနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြို့နယ်သမဝါယမဦးစီးဌာနအနေဖြင့် အခြေခံသမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးစရိတ်သွင်းအားစုများ သက်သာပြီး တစ်ဧကအထွက်နှုန်းတိုးပွားကာ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အသင်းသားတောင်သူများအား တစ်ဧကငွေကျပ် နှစ်သိန်းနှင့် ညီမျှသည့် မျိုးစေ့များနှင့် သွင်းအားစုဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၈၅)**

## မြေပြင်လူဦးရေနှင့် တိုက်ဆိုင်စစ်ဆေးမှုလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**အမရပူရ ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်တွင် မြေပြင်လူဦးရေစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီမှ မြို့နယ်အတွင်းရှိ လူဦးရေစာရင်းမှန်ကန်ရေး၊ မြေပြင်ကွင်းဆင်းစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးမှုလုပ်ငန်းများအား တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက အမရပူရမြို့နယ် ဒုလဝကမှူး ဦးမျိုးထက်အောင်ဦးစီးသောအဖွဲ့မှ ရေဘုတ်ကျေးရွာအုပ်စုကိုလည်းကောင်း၊ လဝကမှူး ဒေါ်ခင်လှဦးစီးသောအဖွဲ့မှ နတ်ရေကန်အုပ်စုကိုလည်းကောင်း၊ ဒုလဝကမှူး ဒေါ်သော်တာလွင် ဦးစီးအဖွဲ့မှ ကြည့်မြင်တိုင်ကျေးရွာအုပ်စုကိုလည်းကောင်း၊ လဝကမှူး ဒေါ်သင်းသင်းကြူ ဦးစီးအဖွဲ့မှ စားတော်ကျေးရွာကိုလည်းကောင်း၊ လဝကမှူး ဦးသက်ဇော် ဦးစီးအဖွဲ့မှ တပ်ကြီးကျေးရွာအုပ်စုကိုလည်းကောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြီးကြပ်ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါမြေပြင်လူဦးရေစာရင်းကွင်းဆင်းဆောင်ရွက်သည့် နေရာသို့ တာဝန်ရှိသူများက အိမ်ထောင်စုအမှတ်စဉ်နှင့်မိသားစု အမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း နေထိုင်ခြင်း ရှိ၊ မရှိ စာရင်းပြုစုခြင်း၊ သေဆုံးခြင်းစာရင်းများ အတည်ပြုခြင်း၊ စာရင်းရှိသော်လည်း မြေပြင်တွင် နေထိုင်မှုမရှိသူများနှင့် စာရင်းမရှိနေထိုင်သူများ စာရင်းပြုစုခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများအား မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)(၀၈၄)**

## မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ပျော်ရွှင်စွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဗန်းမောက် ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့ မြို့ဦးစေတီကုန်းရှိ လောကမာန်အောင်စေတီဝင်းအတွင်းတွင် နေ့လယ် ၁နာရီခွဲက ပျော်ရွှင်ဆင်နွဲ ထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ ထမနဲထိုးပြိုင်ပွဲဝင်အသင်း ၁၂သင်းမှ နေရာယူခဲ့ကြပြီး အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ မြို့မကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစိတ္တ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)က ဩဝါဒစကားမိန့်ကြားခဲ့ပြီး ခေတ္တနည်းဗျူဟာမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဥက္ကဋ္ဌတို့က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများက ယှဉ်ပြိုင်ရန်နေရာယူခဲ့ကြပြီး ဒိုင်လူကြီးများက ကြိုတင်ပြင်ဆင်ထားမှုများကို စစ်ဆေးခဲ့ကြပြီး ထမနဲထိုးပြိုင်ပွဲကို စတင်ကျင်းပခဲ့သည်။

မြို့ဦးစေတီကုန်းရှိ လောကမာန်အောင်စေတီဝင်းအတွင်း၌ နှစ်စဉ်နှစ်တိုင်း ပျော်ရွှင်ဆင်နွဲ ထမနဲထိုးပြိုင်ပွဲကို ကျင်းပလာခဲ့ရာ ယခုနှစ်တွင် ဂုဏ်ရောင်ထက်အဖွဲ့၊ ရဲတံခွန်အဖွဲ့၊ ရွှေမောင်နှမများအဖွဲ့၊ လွှစင်ကုန်းလူငယ်အဖွဲ့၊ ပဲခူး ကိုလူချောအဖွဲ့၊ ကျောက်တိုင်ကွင်းအဖွဲ့၊ အောင်သာကုန်းလူငယ်အဖွဲ့၊ မြနန္ဒာလူငယ်အဖွဲ့၊ မြို့မလူငယ်အဖွဲ့၊သစ္စာရောင်ခြည်အဖွဲ့၊ ဂေါပကအဖွဲ့နှင့် မြစ်သေးချင်းလူငယ်အဖွဲ့တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပထမရရှိခဲ့သော မြို့မလူငယ်အဖွဲ့အား ဆုငွေကျပ် လေးသိန်း၊ ဒုတိယရရှိခဲ့သော မြနန္ဒာအဖွဲ့အား ဆုငွေကျပ် သုံးသိန်း၊ တတိယရရှိခဲ့သော အောင်သာကုန်းအဖွဲ့အား ဆုငွေကျပ် နှစ်သိန်းနှင့် ကျန်အဖွဲ့များအား နှစ်သိမ့်ဆုအဖြစ် ငွေကျပ် တစ်သိန်းကို တာဝန်ရှိသူများနှင့် ဆုရွေးချယ်ရေးအဖွဲ့က ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက်ပျော်ရွှင်ဆင်နွဲ မြန်မာ့ထမနဲထိုးပြိုင်ပွဲမှ ပြိုင်ပွဲဝင်အသင်းအသီးသီးက လာရောက်ကြည့်ရှုအားပေးကြသည့် ဧည့်ပရိသတ်များကို ထမနဲများဖြင့် ဧည့်ခံကျွေးမွေးကာ မြို့မဗျောအဖွဲ့မှ ဗျောအက၊ ဗျောသီချင်းများနှင့် ဧည့်ခံဖျော်ဖြေပေးခဲ့ကြပြီး မြို့အနီးအနားရှိ ဘုန်းတော်ကြီးကျောင်းတိုက်များရှိ ဆရာတော်၊ သံဃာတော်များ၊ ကိုရင်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများနှင့် သက်ကြီးဘိုးဘွားများကို ထမနဲများ ကပ်လှူ သွားရောက်လှူဒါန်းခဲ့ကြသည်။

ဗန်းမောက်မြို့၊ မြို့မစေတီကုန်းရှိ လောကမာန်အောင်စေတီဝင်းအတွင်းတွင် ထမနဲထိုးပြိုင်ပွဲကို တပို့တွဲလဆန်း ၁၄ ရက်၌ ကျင်းပပြီး မြတ်စွာဘုရားရှင်အား ထမနဲဆွမ်းကပ်လှူပူဇော်ပွဲကို တပို့တွဲလပြည့် ၁၅ ရက် နံနက် ၃ နာရီခွဲတွင် နှစ်စဉ်နှစ်တိုင်း ရိုးရာမပျက်စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ ရှေးနှစ်ပေါင်းများစွာကပင်ဖြစ်ကြောင်း ဘိုးဘွားမိဘများထံက သိရသည်။

**(အောက်ပုံ)(၅၀၃)**



*—*—*—*—*



# စည်ပေါက်ကန် အထက်တန်းကျောင်း(ခွဲ) ပေ(၁၃၀×၃၀) RC နှစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စည်ပေါက်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပေ (၁၃၀×၃၀) RC (၂)ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှေ့ရှိ စုဝေးကွင်းတွင် ကျင်းပသည်။

ကျောင်းဆောင်သစ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းလွင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး နောင်ထွန်းနီ၊ အတွင်းရေးမှူး ရဲမှူး စိုးစိုးနှင့် မြို့နယ်ပညာရေးမှူး ဦးသိန်းဒန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာသူများနှင့်အတူ စပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနား အစီအစဉ် ဒုတိယပိုင်းကို ကျောင်းဆောင်သစ်ရှေ့ ယာယီမဏ္ဍပ်တွင် ပြုလုပ်ရာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ကျောင်းသမိုင်းကျောင်းနှင့် ကျောင်းဆောင်သစ်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ် ဆောက်လုပ်ခွင့်ရရှိခဲ့သည့် တော်ဝင်ပဒေသာ ကုမ္ပဏီမှ တာဝန်ရှိသူက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမာက လက်ခံရယူပြီး ကျောင်းအကျိုးတော်ဆောင် ဦးကျော်မြင့်နိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ကျောင်းသား၊ကျောင်းသူလေးများက ထာဝရသစ္စာ သီချင်းကို သံပြိုင်သီဆို ကပြဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ အဆိုပါကျောင်းဆောင်သစ်ကို နိုင်ငံတော်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၄၆၂ ဒသမ ၀၀ သန်းဖြင့် အလျား ပေ ၁၄၀×အနံ ပေ ၃၀ ရှိ RC (၂)ထပ်ကျောင်းဆောင် ဆောက်လုပ်ခွင့်ပြုခဲ့ရာ တော်ဝင်ပဒေသာ ကုမ္ပဏီမှ တင်ဒါအောင်မြင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇူလိုင် ၂၅ ရက်မှ စတင်ဆောက်လုပ်ခဲ့ရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် လုပ်ငန်းအားလုံး ပြီးစီးခဲ့သဖြင့် ယခုအခါ ကျောင်းသား၊ ကျောင်းသူ ၃၉၄ ဦးတို့မှာ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ကြပြီ ဖြစ်သည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိ၊ ရပ်ဖများနှင့် ကျေးရွာပြည်သူများ စုစုပေါင်း ၄၈၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၄၅၆)

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၃**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၅ ခုနှစ်၊ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ(၁၂)ရက်မှ (၁၅)ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲသို့ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာ၊ အပန်းဖြေနိုင်ရန်အတွက် ဖိတ်ခေါ်ထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# လူငယ်လူရွယ်များ ပလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းကျင်းပ

**မြစ်သား ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊မြစ်သားမြို့နယ် အခြေခံပညာစက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်လူရွယ်လေးများ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ကျန်စစ်သားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်သီတာအောင်က လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ဗလငါးတန်နဲ့ပြည့်စုံပြီး အသိပညာ ဗဟုသုတများ ရရှိစေရန်၊ နှုတ်မှုစွမ်းရည် ထက်မြက်စေရန်၊လူငယ်အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်ပြီး လူအများရှေ့၌ စကားပြောဆိုရာတွင် ရဲဝံ့စွာပြောဆိုဆွေးနွေးသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ ကိုယ်ကျင့်တရားကောင်းမွန်သည့် လူတော်လူကောင်းများ ပေါ်ထွန်းလာပြီး အနာဂတ်နိုင်ငံတော်ကို ဦးဆောင်မည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းကို ကျင်းပရခြင်း ဖြစ်သည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးခိုင်စိုးသန်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကို Moderatorအဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်ပြီး Grade-10 ကျောင်းသူ မသဲစုကုဋေက လူငယ်နှင့် စာရိတ္တခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-7မှ ကျောင်းသူ မချမ်းမြေ့မြေ့သော်က လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-7 မှ ကျောင်းသူ မနှင်းလဲ့လဲ့မွန်က လူငယ်နှင့်ယဉ်ကျေးမှုခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြရာ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများကလည်း အပြန်အလှန် သိလိုသော မေးခွန်းများကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲအပြီးတွင် ခင်းကျင်းပြသထားသော (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေးနံရံကပ်စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ဝင်းမင်းထွန်း(ပြန်/ဆက်)

* – * – * – * – *

* – * – * – * – * – *

# ယခုနှစ် နှမ်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၇၁၉၃ ဧက စိုက်ပျိုးမည်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် ၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နှမ်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၇၁၉၃ ဧက လျာထား စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် နှမ်းသီးနှံစိုက်ပျိုးရာသီ၌ ပြည်တွင်း စားသုံးဆီ ဖူလုံစေရန်နှင့် ဒေသတွင်းရှိ တောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန်အတွက် နှမ်းစိုက်ဧက ၂၇၁၉၃ ဧက စိုက်ပျိုးရန် လျာထားရှိပြီး သတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ချိတ်ဆက်၍ နှမ်းစိုက်တောင်သူများ အချိန်မီ စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အလုံအလောက်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးသွားနိုင်ရေး စသည့် စိုက်ပျိုးရေးနှင့်ပတ်သက်သော လုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

"ယခုနှစ် နှမ်းသီးနှံ စိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နှမ်းစိုက်ဧက နှစ်သောင်းကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် တောင်သူတွေရဲ့ လိုအပ်ချက်တွေကို ကူညီဆောင်ရွက်ပေးသွားပါမယ်။ အဓိက တောင်သူတွေကို သီးနှံဝင်ငွေတွေ တိုးတက်စေဖို့နဲ့ ပြည်တွင်းစားသုံးဆီဖူလုံစေဖို့အတွက် တစ်နှစ်ထက်တစ်နှစ် နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်အောင်၊ အထွက်နှုန်းများ တိုးတက်အောင်၊ GAP စိုက်ပျိုးရေးနည်းစနစ်များနဲ့အညီ စိုက်ပျိုးနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေနှမ်းစိုက်ပျိုးမည့် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေ စနစ်တကျ သုံးစွဲရေး၊ ပိုးမွှားရောဂါ မကျရောက်စေရန် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေးစသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရန် မဲဇလီရေလွှဲဆည်မှ ဖေဖော်ဝါရီ ၁၅ ရက်တွင် ဆည်ရေစတင်ဖြန့်ဝေပေးသွားမည် ဖြစ်သည်။

တောင်သူများအနေဖြင့် နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် သီးနှံဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ တစ်နှစ်ထက်တစ်နှစ် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

(အောက်ပုံ)

(၄၄၅)



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Kevin Costner ၏ The Untouchables မှာ အမှန်တရားအကြောင်း ရိုက်ကူးထား

နာမည်ကြီးဟောလိဝုဒ် မင်းသားကြီးကယ်ဗင်ကော့စတာ၊ ဆီအန်ကွန်နေး၊ ရောဘတ်ဒီနေရို ဂျာတို့ သုံးဦးပါဝင်ထားသည့် The Untouchables မှာ အမှန်တရားလောကအကြောင်း ရိုက်




ကူးထားသည်ဟု ဟောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်မှာ IMDb 7.9 ရရှိထားပြီး ချီကာဂိုမြို့ မျက်နှာဖုံးသူကြွယ်တစ်ဦးက အစိုးရ အသိုက်အဝန်းရှေ့နေများနှင့်ရင်းနှီးကျွမ်းဝင်ပြီး အဓိကချမ်းသာမှုမှာ တရားမဝင်အရက်ချက်ရောင်းခြင်း ဖြစ်သည်။

သူ၏ရောင်းကုန်ကို မယူသော ဆိုင်များကို နည်းမျိုးစုံ ဒုက္ခပေးရာမှ ချီကာဂိုမြို့၏ စနစ်တကျ ဖျက်ဆီးမှုကို ပြုပြင်ပေးရန် အထူးအေးဂျင့်လွှတ်ခဲ့သော်လည်း သက်သေမရဘဲ သတင်းစာတွင် အရုက်ကွဲခံလိုက်ရ၍ အမြစ်မှ လှန်ပစ်ရန်အတွက် လူစွမ်းကောင်းတစ်ဦးပေါ်ပေါက်လာပုံကို ရိုက်ကူးထားသည်။

(SKY)



## စကိုင်းမီယွန်များ၏ လှုပ်ရှားမှုကို တိကျစွာခန့်မှန်းနိုင်ရန် စူးစမ်းလေ့လာနေရဆဲဟု ဆို

စကိုင်းမီယွန်များ၏အရွယ်အစားမှာ နာနိုမီတာမှ မိုက်ခရိုမီတာအထိ ကွဲပြားနိုင်သည်။ ၎င်းတို့သည် အမှုန်အဖြစ် အသွင်ပြောင်းနိုင်ပြီး ၎င်းတို့ကို လျှပ်စစ်သံလိုက်စီးကြောင်းများဖြင့် အလွယ်တကူ ထိန်းချုပ်နိုင်သည်။

ထူးခြားသော ဂုဏ်သတ္တိများကြောင့် ထိုစကိုင်းမီယွန်များသည် နောက်မျိုးဆက်သစ်ဒေတာသိမ်းဆည်းမှုနှင့် ကွန်ပျူတာစနစ်များအတွက် အသုံးဝင်နိုင်သော နည်းပညာဖြစ်လာနိုင်သည်။

သို့သော် ၎င်းတို့၏ အတွင်းဖွဲ့စည်းမှုဆိုင်ရာ ရှုပ်ထွေးမှုများကို လက်တွေ့ဖန်တီးရန် တွက်ချက်မှုအရင်းအမြစ်များစွာ သုံးစွဲရန် လိုအပ်သည်ဟုဆိုသည်။

စကိုင်းမီယွန်များ၏ လှုပ်ရှားမှုကို တိကျစွာ ခန့်မှန်းနိုင်မည့်နည်းလမ်းကို ဂျာမန်ရူပဗေဒ ပါမောက္ခပီတာဗာနူဦးဆောင်သော သုတေသနအဖွဲ့က လက်တွေ့စမ်းသပ်လျက်ရှိကြောင်း သိရသည်။

SCI

## Lee Minho က Squid Game 3 တွင် ပါဝင်မည်



ကမ္ဘာကျော်ကိုရီးယား ဇာတ်လမ်း Squid Game 3 ကို ၂၀၂၅ ခုနှစ်တွင် ထုတ်လုပ်ရန် ပြင်ဆင်နေပြီး လီမင်ဟို ပါဝင်မည် ဖြစ်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အပိုင်းတစ်တွင် ကစားနည်းပေါင်းစုံနှင့်နာမည်ကျော်ခဲ့ကာ အပိုင်းနှစ်၌ လျှို့ဝှက်ချက်များစွာနှင့် ပြသခဲ့၍ ပရိသတ်နားမလည် ဖြစ်ခဲ့ကြရာမှ အပိုင်းသုံးတွင် Red Light Green Light အရုပ်နှစ်ရုပ်နှင့် ပိုမိုခက်ခဲသော ဂိမ်းများဖြင့် ဇာတ်သိမ်းရန် ဖန်တီးထားသည်။

ထိပ်တန်းအနုပညာရှင်များစွာ ပါဝင်အားဖြည့်ထားရာ လီမင်ဟိုလည်း တစ်ဖြတ်တွေ့လိုက်ရပြီး လီဗြောင်ဟွန်းက final boss မဟုတ်ဘဲ ပရိသတ်ကို လှည့်စားထားမှုများနှင့် အပိုင်းသုံးတွင် ဂိမ်းဖန်တီးရသည့်အကြောင်းအရာများကို လှလှပပထည့်သွင်းထားသည်။

မင်းသားလီဂျောင်ဂျေး နံပါတ်(၄၅၆)နှင့် ရင်းနှီးမှုရှိသည့် ဘီတီအက်စ်အဖွဲ့ဝင် ဗွီ(ခေါ်)ကင်ထယ်ယောင်းကိုလည်း ယင်းအစီအစဉ်တွင် ပါဝင်မည်ဟု ပရိသတ်ထင်ကြေးပေးထားကြသည်။

(SKY)

0-0-0-0-0-0




## Misamo နိုင်ငံခြားသူသုံးဦး၏ New Look ဂျပန်ထိပ်ဆုံးစာရင်းဝင်နေ

နိုင်ငံခြားသူသုံးဦးဖြစ်သည့် ကေပေါ့ပ်အဖွဲ့ဝင်များ၏ Misamo အမည်နှင့် ဂီတအယ်လ်ဘမ် New Look ကို ဂျပန်ပရိသတ်အားပေးထားကြရာ ထိပ်ဆုံးစာရင်းဝင်နေကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဂီတအယ်လ်ဘမ်သည် Apple Music ဂျပန်၌ တတိယနေရာရရှိခဲ့သည့် ပထမဆုံး ကေပေါ့ပ်သီချင်းဖြစ်ခဲ့ကာ Japan Charts Peaks ၌ ထိပ်ဆုံးစာရင်းဝင်ခဲ့သည်။

ထို့ပြင် ယူကျူ၊ AWA Realtime၊ AWA Daily Line Music၊ Amazon Music၊ Shazam၊ Apple Music၊ Oricon Singles၊ Tunes နှင့် Spotify တို့တွင်လည်း စာရင်းပေါက်ခဲ့ကာ New Look ၏ အောင်မြင်မှုမှာ စံချိန်သစ်တင်နိုင်ခဲ့သည်။

တစ်ကိုယ်တော်ဂီတ I am Nayeon မှာလည်း ပထမဆုံး တစ်ကိုယ်တော် အမျိုးသမီးအဆိုတော်ဖြစ်ခဲ့သည်။

(SKY)

0-0-0-0-0-0



## Eminem ၏ ရင်တွင်းစကားကြောင့် ပရိသတ်များ စိတ်လှုပ်ရှားခဲ့ရ

ကမ္ဘာကျော်အနုပညာရှင် ရက်ပ်ပါ အမ်မီနမ်သည် သားသမီးရလာချိန်၌ သူ၏ရင်တွင်းစကားကို ထုတ်ဖော်ပြောကြားခဲ့ရာ ပရိသတ်များ စိတ်လှုပ်ရှားဖွယ် ခံစားခဲ့ကြရသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အမ်မီနန်က ရင်သွေးဖြစ်သူသမီးလေးအတွက် ရင်တွင်းစကားပြောကြားခဲ့ရာ "အဖေ့မှာ ပိုက်ဆံမရှိခဲ့တဲ့နှစ်တစ်နှစ်ကို မှတ်မိသေးတယ်။ အဲဒီနှစ်မှာ မေမေက လက်ဆောင်တွေ ထုတ်ပြီး ပွဲတော်သစ်ပင်အောက်မှာ ထားပေးတယ်လေ။ ပြီးတော့ အဲဒီလက်ဆောင်တွေက ဖေဖေဝယ်ပေးထားတာလို့ မေမေက မင်းကိုပြောပေးရှာတယ်။ ဘာလို့လဲဆိုတော့ ဖေဖေမှ အဲဒါတွေ မဝယ်ပေးနိုင်တာ"ဟူ၍ဖြစ်သည်။

အမ်မီနမ်သည် ရင်သွေးသမီးလေးရလာချိန်တွင် ဖခင်မေတ္တာများ ပေါ်ပေါက်လာခဲ့ပြီး သမီးအတွက် တည်ကြည်ခဲ့ညားသော ဖခင်၊ ဇနီးအတွက် ခင်ပွန်းကောင်းတစ်ဦးအဖြစ် ကြိုးစားနေရချိန်က သူ၏ရင်တွင်းစကားကို ပြောကြားထားခြင်း ဖြစ်သည်။

(SKY)

## G Dragon က Paris တွင် ကျင်းပမည့် Galade Pieces Jaunes 2025 တွင် ပါဝင်မည်

ကေပေါ့ပ်ဘုရင်ကမ္ဘာကျော် အနုပညာရှင် ဂျီဒရယ်ဂွန်သည် ကမ္ဘာကျော်အနုပညာရှင်များနှင့်အတူ ပြင်သစ်တွင် ကျင်းပမည့် Galade Pieces Jaunes 2025 တွင် ပါဝင်မည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတွင် ဂျီဒရယ်ဂွန်က ကစ်တီပယ်ရီ၊ ရို့စ်၊ ဂျွန်လဲဂျင်၊ ဂျင်းမ်စ်၊ ဂျေဟုတ်(ဘီတီအက်စ်)လန်လန်ပရစ်တီရန်ဒီတို့နှင့်အတူ ဖျော်ဖြေသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၂၃ ရက်တွင် ကျင်းပမည် ဖြစ်သည်။



ဂျီဒရယ်ဂွန်သည် တစ်ကျော့ပြန် ဂီတသူရဲကောင်းအဖြစ် အလှူပွဲများတွင် ပါဝင်ခဲ့ကာ တစ်ကိုယ်တော်ဂီတနှင့် ပြင်သစ် Motte World Tour တွင်လည်း လွန်ခဲ့သောနှစ်များစွာက ဖျော်ဖြေခဲ့သည်။

၂၀၂၅ ခုနှစ်တွင် ဂျီဒရယ်ဂွန်ကို Hana Bank ၏မော်ဒယ်လ်အဖြစ်လည်း ရွေးချယ်ထားကာ တောင်ကိုရီးယားတွင် အကြီးဆုံးဘဏ်တစ်ခုလည်း ဖြစ်သည်။

(SKY)

0-0-0-0-0-0

0-0-0-0

## Anora ကားတွင် Mikey Madison ပါဝင်ထားပြီး အော်စကာဆု တန်းဝင်ခဲ့

ဟောလိဝုဒ်ရုပ်ရှင် Anora တွင် မင်းသမီး မစ်ကီမာဒီဆန် ပါဝင်ထားပြီး ထူးခြားဆန်းပြားသော ဇာတ်ကားမဟုတ်ဘဲ နာမည်ကျော်ရုပ်ရှင်များနှင့်အပြိုင် အော်စကာဆုတန်းဝင်ခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားမှာ စိတ်ကူးယဉ်အချစ်ဇာတ်လမ်းထက် ဘဝကြမ်းသည့် မိန်းမသားတစ်ဦး၏ လက်တွေ့ဆန်ဆန်ဖြတ်သန်းမှုကို ရိုက်ကူးထားခြင်းဖြစ်သည်။

အမေရိကန်ကလပ်တစ်ခုမှ အကမယ်လေးက ငွေပေါသည့် ရုရှားသူဌေးသားတစ်ဦးနှင့်ဆုံခဲ့ပြီး ရုရှားစကားနားလည်၍ တစ်ပတ်တာ ချစ်သူအဖြစ်မှ လက်စ်ဗီးဂတ်တွင် လက်ထပ်ခဲ့ရာ ရုရှားဒိတ်ဒိတ်ကြဲအသိုက်အဝန်းမှ ရုရှားသူဌေးသားမိဘများ သိရှိခဲ့ကြပြီး ကန့်ကွက်ခဲ့သည့်ကြားမှ အချစ်ကို ပုံဖော်ထားသည်။

မင်းသမီး မစ်ကီမာဒီဆန်က ကျရာဇာတ်ရုပ်ကို ပီပြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့၍ ပရိသတ်ကြား လူကြိုက်များခဲ့သည်။

(SKY)

0-0-0-0-0-0



# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ



**ကျောက်ဆည် ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျားကာကျေးရွာအုပ်စု၊ ကုလကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည့် အလျား ၁၅၆၀ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိသော ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါလမ်းသစ်မှခ်ဦးတွင် ကျင်းပသည်။

ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်က ကျောက်ဆည်မြို့နယ်တွင် ကျေးရွာပေါင်း ၂၂၃ ရွာ ရှိသည့်အနက် ကျေးရွာ ၈၆ ရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ ပထမ ဖလ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၉၇၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၂၉၄ ဒသမ ၇၃၀၅ သန်းတို့ဖြင့် ကွန်ကရစ်လမ်း ၈၃ လမ်း၊ မီးလင်းရေးလုပ်ငန်းတစ်ခု၊ ရေပေးရေးလုပ်ငန်းလေးခုနှင့် အခြားလုပ်ငန်းတစ်ခု၊ စုစုပေါင်းလုပ်ငန်း ၈၉ ခုအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်းနှင့် ကုလကျေးရွာတွင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် သန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၂ သန်းတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်း အရှည် ၁၅၆၀ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မအား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲဝင်းထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းများဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းအား ကုလကျေးရွာပြည်သူများအနေဖြင့် ရေရှည်အသုံးပြုနိုင်ရန် ဝိုင်းဝန်းထိန်းသိမ်းသွားကြစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးက ကွန်ကရစ်လမ်းနှင့် ပတ်သက်သည့် လုပ်ငန်းများအား ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ရပ်မိ၊ ရပ်ဖ ဦးစိန်အောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကာ ကွန်ကရစ်လမ်းသစ်အား မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၄၈၅)**

# စာဖတ်ရှိန်မြှင့်တင်ရေး လှူငယ်စကားဝိုင်းကျင်းပ

**လယ်ဝေး ဖေဖော်ဝါရီ ၁၃**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၏ စံဝါအောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးဒေါ်အေးမို့မို့မောင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက လူငယ်စကားဝိုင်းကျင်းပခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အထက(ခွဲ)စံဝါအောင်း၊ Grade-7 မှ မောင်အာကာလမင်းထက်က လူငယ်နှင့်စာဖတ်ခြင်း၊ Grade-10 မှ မောင်ချမ်းပြည့်စုံက လူငယ်နှင့်ကျန်းမာရေး၊ Grade-10 မှ မစန္ဒာအေးက လူငယ်နှင့်မူးယစ်ဆေးဝါး၊ Grade-10 မှ မအိမွန်ကျော်က လူငယ်နှင့်ကိုယ်ကျင့်တရား စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပြန်လည်ဖြေကြားပေးခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မဟာအောင်မြေမြို့နယ်၌ မြေပြင်လူဦးရေစာရင်း ကွင်းဆင်းစိစစ်ခြင်းများ ဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ရုံး ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်/ကျေးစာရေးများက ဖေဖော်ဝါရီ ၁၀ ရက်က မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်သို့ မြေပြင်လူဦးရေစာရင်းစစ်ဆေးခြင်း၊ အိမ်ထောင်စုအမှတ်စဉ်သတ်မှတ်ခြင်း၊ မိသားစုအမှတ်စဉ်သတ်မှတ်ခြင်းများ ကွင်းဆင်းဆောင်ရွက်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးလွင်၊ ခရိုင်ဦးစီးမှူး ဦးဇင်ထက်၊ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်၊ ရွေးကောက်ပွဲကော်မရှင် မြို့နယ်ဦးစီးမှူး ဦးရဲမင်းလွင်တို့က ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**(ယာပုံ) (၀၅၆)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ဗလငါးတန် အစဉ်ကျင့်ကြံ

* ကျင့်ဖွယ် "ကာယ"၊ နီးထကြွသော
နောင်မျှချိန်ခါ၊ ကိုယ်ကျန်းမာ၍
ရွှင်သာမှန်စစ်၊ ခန္ဓာဖြစ်လို့
ခုနစ်ကြာရှည်၊ မပန်းစေဘဲ
လန်းဝေပျံ့မွှေး၊ သန့်စင်ဖွေးလို့
ကြည်အေးသာယာ၊ ဘဝမှာတည်း ။

* တတ်သိ "ဉာဏ"၊ ပိုင်းဝေမျှကာ
မိတ်သဟာဆွေ၊ ညွှန်းပြဝေသော်
မသွေတင့်ဆန်း၊ မိုးစက်ဖျန်းသို့
ပွင့်ပန်းကြာသွင်၊ ကန်ရေပြင်ဝယ်
လှဆင်ဂုဏ်သင်း၊ လူဖြစ်ခြင်းကို
ပြစ်ကင်းမှန်စွာ၊ ရှင်သန်ရာတည်း ။

* ရှိဘိ "ဘောဂ"၊ သုံးစွဲမှု၍
ဓနစည်းစိမ်၊ မလပ်မိုန်အောင်
မငြိမ်စိတ်ထား၊ မိုက်အမှားကို
စိတ်အားဉာဏ်စေ၊ ချင့်မျှဝေလို့
တည်နေဘဝ၊ တစ်ခဏမယ်
အေးမြချမ်းသာ၊ ပြည့်စုံရာတည်း ။

* နှုတ်ဖျားသံချို၊ မာနလျှို၍
"မိတ္တ"စိတ်ဓာတ်၊ မေတ္တာအပ်၍
မလပ်ကျင့်ကြံ၊ အသိမှန်ဖြင့်
ဂုဏ်ထန်မပြု၊ ပေါင်းဖက်ရှုစေ
မှားမှုမကြံ၊ ကောင်းခြင်းပုံလို့
ရန်လုံအေးဖြာ၊ မိတ်များရာတည်း ။

* အမိအဘ၊ စောင့်ရှောက်ကြသော်
သိမှတ်လိမ္မာ၊ ဉာဏ်ရည်ဖြာလို့
ဆရာသင်ကြား၊ ပညာအားနှင့်
အများမရ၊ "စာရိတ္တ" ဖြင့်
ဘဝရှင်သန်၊ စိတ်ထားမှန်သော်
ပြည့်စုံချမ်းသာ၊ လူဖြစ်ရာတည်း ။ ။

**မင်းမြတ်မိုး(မန်းမြေ)**



## သတင်းပဒေသာ

### စုပေါင်းထမနဲထိုးပွဲ ကျင်းပနိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဌာနဆိုင်ရာများ၊ ရပ်ကွက်များ၊ အသင်းအဖွဲ့များစုပေါင်း၍ မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပွဲ ကျင်းပနိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဗိုလ်မှူးနေလင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းထမနဲထိုးပွဲကျင်းပနိုင်ရန် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ဟောပြောပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ (Community Centre) ခန်းမတွင် ဟောပြောပွဲနှင့် ပုံပြောပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ ပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်ကြသော ကလေးငယ်များကို ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံ ခေါင်းစဉ်ဖြင့် ကလေးများ ဗဟုသုတရရှိစေရန်ရည်ရွယ်၍ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်က ဟောပြောပွဲပြုလုပ်ပြီးနောက် ပြိုင်ပွဲများ ကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် မြို့ပေါ်ရပ်ကွက်မှ ကလေးများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသည့်ကလေးများအား အမှတ်တရလက်ဆောင်များနှင့် မုန့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့ နံနက် ၁၀ နာရီက ဟဲဟိုးမြို့၊ ဝါးရုံပင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်ရာ ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ သမိုင်းကိုလည်းကောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးတို့ကို ပြောကြားခဲ့သည်။ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်အကြောင်းနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမာက ကလေးအလုပ်သမားပပျောက်ရေးအတွက် ကလေးအလုပ်သမားအကြောင်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် အားကစားပြိုင်ပွဲများ ကျင်းပ

ကချင်ပြည်နယ်၊ ပူတာအိုမြို့တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် အားကစားပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။ ရှေးဦးစွာ နံနက် ၅ နာရီခွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့တန်းစီကွင်း၌ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့၏ဦးဆောင်မှုဖြင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့်အဖွဲ့များက နိုင်ငံတော်အလံအား လွှင့်တူကြပြီး နိုင်ငံတော်အလံအားအလေးပြုကြသည်။ ဆက်လက်၍ နံနက် ၇ နာရီတွင် နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကျင်းပခဲ့သည်။ ထို့နောက် အားကစားပြိုင်ပွဲများ ကျင်းပခဲ့ပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မန္တလေးမဟာမုနိဘုရားကြီး (၆၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စာရေးတံမဲနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေးမြို့ မဟာမုနိဘုရားကြီး (၆၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၆နာရီခွဲတွင် ဘုရားအမှူးပြုသော ဆရာတော်၊ သံဃာတော်အပါး ၁၁၁ပါးအား စာရေးတံမဲနှင့်တကွ ဆွမ်းတော်ကြီး လောင်းလှူပွဲ ကျင်းပရာ မဟာမုနိဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြပြီး မဟာမုနိဘုရားကြီးဝန်းကျင် ကျောင်းတိုက်များမှ ပင့်သံဃာ ၁၁၁ပါးအား စာရေးတံမဲနှင့်ဆွမ်းတော်ကြီး လောင်းလှူကြသည်။

(၆၆)ကြိမ်မြောက် မဟာမုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်အကြို ထမနဲထိုးပွဲကိုလည်း ကျင်းပပြီး တပို့တွဲလပြည့် နံနက်ပိုင်းက ဘုရားကြီးအား ထမနဲဆွမ်းကပ်လှူခြင်း၊ သစ်သီးမျိုးစုံ ကပ်လှူပူဇော်ခြင်း၊ ဘုရားဖူးလာရောက်ကြသူများအား ထမနဲများ စတုဒိသာကျွေးမွေး လှူဒါန်းခဲ့ကြကြောင်း သိသည်။

(အပေါ်ဝဲပုံ)

မောင်ပြည်သူ(မန္တလေး)

## ဘုရားအနေကဇာတင်ခြင်းနှင့် ထမနဲဆွမ်းကပ်လှူပူဇော်ပွဲ ကျင်းပ

**ဖန်းမောက် ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့ လောကမာန်အောင်စေတီဝင်းအတွင်းရှိ စေတီကုန်းမွှာရုံတွင် ဖေဖော်ဝါရီ ၁၂ ရက် နံနက်၄ နာရီက ဘုရားအနေကဇာတင်ခြင်းနှင့် ထမနဲဆွမ်းကပ်လှူပူဇော်ပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့မပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ သုစိတ္တ(သာသနဓဇဓမ္မာစရိယ) အမှူးပြုသော သံဃာတော်တို့က ဗုဒ္ဓါဘိသေကအနေကဇာတင်ခဲ့ကြပြီး ဆရာတော်များနှင့် ကြွရောက်လာကြသော အလှူဒါယကာ၊ အလှူဒါယိကာမများနှင့် ဧည့်ပရိသတ်များက ထမနဲဆွမ်းနှင့်သစ်သီးဝလံဆွမ်းခဲဘွယ်တို့ကို ကပ်လှူပူဇော်ခဲ့ကြပြီး ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြကာ တရားတော်အား နာယူခဲ့ကြပြီး ရေစက်ချအမျှဝေသာဓုအနုမောဒနာ ခေါ်ယူခဲ့ကြသည်။

ထို့နောက် မြတ်စွာဘုရားရှင်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် ထမနဲဆွမ်းကပ်လှူပူဇော်ပွဲသို့ ကြွရောက်လာကြသည့် ဧည့်ပရိသတ်များကို ထမနဲများ ကုသိုလ်ပြုလှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

(၅၀၃)

## မန္တလေး ချမ်းသာကြီးဆန်လှူအသင်းသို့ ဆွမ်းဆန်တော်အတွက် ငွေများလှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေး ချမ်းအေးသာစံမြို့နယ် တောင်စလင်းတိုက်သစ် ဘာဝနာဌာနဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိက္ခ၊ မန္တလေးကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသဝ အမှူးပြုသော သက်တော်ရှည်ဆရာတော်ကြီး ၅၅ပါးအား သင်္ကန်းခြင်း၊ တစ်ပါးလျှင် ငွေကျပ် ၁၀ သိန်းဖြင့် နဝကမ္မအလှူငွေကျပ် သိန်း ၅၅၀၊ ဆွမ်းဆန်တော် တစ်အိတ်စီ၊ မြေပဲဆီသန့် ၁၀ ပိဿာတစ်ပုံးစီ လှူဒါန်းခြင်း၊ မန္တလေး ချမ်းသာကြီးဆန်လှူအသင်း (၅၆)ကြိမ်မြောက် ဆွမ်းဆန်တော်လှူဒါန်းရန် အလှူငွေကျပ်သိန်း ၃၀၀ လှူဒါန်းခြင်း၊ မဘိမ်းမြို့မပရိယတ္တိစာသင်တိုက် ပစ္စည်းလေးပါးပဒေသာပင်ငွေကျပ် သိန်း ၄၀၀ လှူဒါန်းခြင်း၊ ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ လမ်း၈၀ နှင့်၈၁လမ်းကြား ကွမ်းတုံတရုတ်ဗုဒ္ဓဘာသာဘုရားကျောင်းအသစ်တည်ဆောက်ရန် ငွေကျပ်သိန်း ၄၅၀ လှူဒါန်းခြင်းနှင့် အမရပူရမြို့ မဟာသကျရုံသီကျောက်တော်ကြီးဘုရားပရိဝုဏ်အတွင်း နတ်မင်းကြီး လေးပါး တံခွန်တိုင် အတွက် ငွေကျပ်သိန်း ၂၅၀ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉နာရီက မဟာအောင်မြေမြို့နယ်၊ ၅၇လမ်း၊ ၄၁(ဘီ)လမ်းရှိ အလှူရှင်နေအိမ်တွင် ကျင်းပသည်။



အစီအစဉ်အရ အလှူရှင် ဒေါ်ငန်နှင့် သားသမီးများ (ယူစင်၊ Golden City Light Hotel) မိသားစုနှင့် ဧည့်ပရိသတ်များက ဆရာတော်ကြီးများထံမှ သီလခံယူဆောက်တည်ပြီး ဆရာတော်ကြီးများအား ဖခင်ကြီး ဦးအချမ်း၊ အစ်ကိုကြီးဦးနေအောင်၊ ဦးကျော်အောင်တို့ကိုရည်စူး၍ ဒေါ်ငန်နှင့် သားသမီးများက သင်္ကန်းခြင်း၊ ဆန်၊ ဆီနှင့်နဝကမ္မငွေကျပ် ၁၀ သိန်းစီကိုလည်းကောင်း၊ မန္တလေး ချမ်းသာကြီးဆန်လှူအသင်းသို့ ငွေကျပ်သိန်း ၃၀၀၊ မဘိမ်းပရိယတ္တိစာသင်တိုက်ပစ္စည်းလေးပါး ပဒေသာပင်ငွေကျပ်သိန်း ၄၀၀၊ ကွမ်းတုံဗုဒ္ဓဘာသာဘုရားကျောင်းတည်ဆောက်ရေး ငွေကျပ်သိန်း ၄၅၀နှင့် နတ်မင်းကြီး လေးပါးတံခွန်တိုင်အတွက် ငွေကျပ်သိန်း ၂၅၀တို့ကို ပေးအပ်လှူဒါန်းပြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော်ကြီးထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားနာယူ၍ ရေစက်ချအမျှပေးဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) မောင်ပြည်သူ(မန္တလေး)

## ကောင်းမှုလုံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ထမနဲထိုးပြိုင်ပွဲ ကျင်းပ

**ပူတာအို ဖေဖော်ဝါရီ ၁၃**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ မချမ်းဘောမြို့နယ်တွင် တည်ထားကိုးကွယ်သော သမိုင်းဝင် ကောင်းမှုလုံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် ထမနဲထိုးပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီက အဆိုပါ ကောင်းမှုလုံစေတီတော်ရင်ပြင်၌ ကျင်းပသည်။



ထမနဲထိုးပြိုင်ပွဲတွင် ပူတာအိုခရိုင်အတွင်းရှိ ပူတာအို၊ မချမ်းဘောမြို့နယ်များမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၀ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး အမှတ်ပေးဒိုင်အဖွဲ့၏ဆုံးဖြတ်ချက်အရ ပထမဆု တောင်တန်းသာသနာပြု ဇဟိုကျောင်းတိုက်အသင်း၊ ဒုတိယဆု ပန်းလှိုင်ရပ်ကွက်အသင်း၊ တတိယဆု ထောက်ပို့တပ်အသင်းတို့က အသီးသီးဆွတ်ခူးရရှိရာ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရအသင်းများအား တာဝန်ရှိသူများကဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

အဆိုပါ ကောင်းမှုလုံစေတီတော်ဗုဒ္ဓပူဇနိယပွဲတော်တွင် ဖေဖော်ဝါရီ ၁၂ရက် ညနေ ၆နာရီခွဲတွင် ဆီမီးပူဇော်ခြင်း၊ နံနက်၈ နာရီတွင် စေတီတော်မြတ်ကြီး၏မုခ်များရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ကိုးဆူတို့အား ရွှေကြာသင်္ကန်းများဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ပဌာန်းရေစင်များကို မလိခမြစ်အတွင်းသို့ သွန်းလောင်းပူဇော်ခြင်း၊ နံနက် ၈နာရီခွဲတွင် ကောင်းမှုလုံစေတီတော်ရင်ပြင်၌ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် နံနက် ၉နာရီခွဲတွင် ဗုဒ္ဓပူဇနိယပွဲနှင့် ပဌာန်းသိမ်းအောင်ပွဲ ရေစက်ချအခမ်းအနားကျင်းပကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ၏ (၃)နှစ်ဆက်တိုက် တံခွန်စိုက်ဆုရှင် မြတ်ပုဏ္ဏမီ သစ်ခွခြံ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလားဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ချမ်းမြသာစည်မြို့နယ်၊ ဆင်ဖြူကန်ကွင်းတွင် ဖေဖော်ဝါရီ ၁၂ ရက်မှာ ဖွင့်လှစ်ပြီး ဖေဖော်ဝါရီ ၁၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသလျက်ရှိသည်။

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အစဉ်အလာမပျက် (၂၁)ကြိမ်မြောက်ပွဲကြီးတစ်ပွဲလည်း ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်သူ၊ မြို့တော်သားများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာနေထိုင်နိုင်ရေးအတွက် အပန်းဖြေရာပန်းခြံများ တိုးတက်တည်ဆောက်ပေးသည့်အပြင် မြို့တော်စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများအတွက် ပြည်သူလူထုစိတ်ပါဝင်စားစေရန်နှင့် ပါဝင်ပူးပေါင်းဆောင်ရွက်လာစေရန်၊ အိမ်တိုင်းအိမ်တိုင်း စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ခြင်းဖြင့် မန္တလေးမြို့တော်အား ဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်လာစေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် အဆင့်မြင့်စိုက်ပျိုးနည်းပညာများဖလှယ်နိုင်စေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် မျိုးကောင်းမျိုးသန့်များ ပြန့်ပွားလာစေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် မျိုးကောင်းများကို အိမ်တိုင်းအိမ်တိုင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းမှသည် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်ကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလားဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေခြင်း ဖြစ်သည်။

(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲကဏ္ဍတွင် ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊ ပန်းအလှပင်ပြိုင်ပွဲ၊ ရာသီပန်းအလှပင်ပြိုင်ပွဲ၊ အရွက်အလှပင်ပြိုင်ပွဲ၊ ရွက်လှပင်ပြိုင်ပွဲ၊ ပြည်တွင်းသစ်ခွပြိုင်ပွဲ၊ ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)၊ ပြည်ပသစ်ခွ (စင်ဘီးဒီးယမ်းပြိုင်ပွဲ) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)၊ နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊ ရှားစောင်းပင်ပြိုင်ပွဲ၊ သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ၊ အသီး ပါသည့် အလှအပင်ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ၊ ဟင်းသီး ဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ၊ သစ်သီးပြိုင်ပွဲ၊ ဟင်းသီး အသီးအလုံးလိုက် ပြိုင်ပွဲ၊ သစ်သီးဝလံ အခိုင်လိုက်ပြိုင်ပွဲ၊ သစ်သီးဝလံ ဥပြိုင်ပွဲ၊ ဟင်းသီးအသီးအနှံအတွဲလိုက်ပြိုင်ပွဲ၊ သစ်သီး ပုံဖော်အလှဆင်ခြင်းပြိုင်ပွဲများသို့ မန္တလေးတိုင်းဒေသကြီး အပါအဝင် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် အမယ်ပေါင်း (၈၁၂) မျိုးထိ ပြိုင်ပွဲတစ်လျှောက် အများဆုံးပါဝင်ယှဉ်ပြိုင်သည့် ပွဲကြီးလည်းဖြစ်သည်။




ယနေ့ပြိုင်ပွဲတွင် အမျိုးအစား ၂၃ မျိုးကို ဝင်ရောက်ယှဉ်ပြိုင်ကြရာမှာ ထူးထူးခြားခြား (၃)နှစ်ဆက်တိုက် တံခွန်စိုက်ဆုဖလားရရှိကာ ပြင်ဦးလွင်မြို့မှ မြတ်ပုဏ္ဏမီ သစ်ခွခြံက ပြိုင်ပွဲဝင် ဒေါ်စိမ်းမြတ်မွန်က ဆုတံဆိပ် (၃၂) ဆု ရရှိပြီး ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။

တံခွန်စိုက်ဆုရ ပြိုင်ပွဲဝင်အနေဖြင့် ပြိုင်ပွဲကာလ မတိုင်မီကတည်းက ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲအမျိုးအစား ၂၃ မျိုးလုံးအတွက် သီးပင်၊ စားပင်နှင့် ပန်းများ၊ နိုင်ငံခြားပန်းမျိုးများကို ပြင်ဆင်စိုက်ပျိုးယုယပြီး အကောင်းဆုံးပြိုင်ပွဲဝင် သီးပင်၊ ပန်းပင်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်ရသည့်အတွက် ကြိုးစားအားထုတ်မှုအသီးအပွင့်များကို ခံစားရလို့ ဝမ်းသာကျေနပ်မိကြောင်း မန္တလေးနေ့စဉ်သတင်းစာ၏ မေးမြန်းချက်များကို ဖြေကြားခဲ့သည်။



"ပြိုင်ပွဲဝင် အမျိုးအစား ၂၃ မျိုးလုံးကို ပါဝင်ယှဉ်ပြိုင်ခဲ့တာပါ။ ပြိုင်ပွဲမှာ ဆု (၃၂) ဆု ရရှိပြီး တံခွန်စိုက်ဆုကို (၃)နှစ်ဆက်တိုက် ရရှိခဲ့တာပါ။ ပြိုင်ပွဲက ဖေဖော်ဝါရီလဆိုရင် သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲ ကျင်းပလေ့ရှိတာကိုသိလို့ ပြိုင်ပွဲတစ်မျိုးချင်းစီအတွက် အပင်တွေကို ကြိုတင်စုဆောင်းထားပြီးမှ အကောင်းဆုံး လက်ရွေးစင် အပင်တွေနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာပါ။ ပြိုင်ပွဲအမျိုးအစားတိုင်း ဆုရတာမျိုးတော့ မဟုတ်ပါဘူး။ ပြင်ဦးလွင်ကနေ သယ်ဆောင်လာပြီး မန္တလေးရာသီဥတုနှင့် မကိုက်ညီလို့ အချို့ပြိုင်ပွဲဝင် အပင်တွေ၊ သီးပင်တွေ၊ စားပင်တွေကတော့ ဆုမရရှိပါဘူး။ ပြိုင်ပွဲအတွက် အချိန်တွေ၊ ငွေတွေ၊ လုပ်အားတွေနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့တာပါ။ အခုလို တံခွန်စိုက်ဆုကြီးအထိ ဆွတ်ခူးနိုင်လို့ ဝမ်းသာပျော်ရွှင်ရပါတယ်။ နောက်ပြီးတော့ ပြင်ဦးလွင်မြို့ မြတ်ပုဏ္ဏမီ သစ်ခွခြံလေးကို လူပိုသိလာပြီး အပင်ချစ်သူတွေ စံနမူနာပြဖြစ်လာပြီး လိုက်ပါစိုက်ပျိုးတတ်လာရင် ပိုပြီးကျေနပ်မိပါတယ်။ ကျွန်မအနေနဲ့ စိုက်ပျိုးရေးကို ချစ်တာပါ။ ဒီပွဲမှာဆိုရင် သစ်ခွခြံဆိုပေမယ့် ပန်းတွေတင် မဟုတ်ဘဲ သီးပင်၊ စားပင်တွေကိုလည်း ဝင်ပြိုင်ခဲ့ပါတယ်။ ကိုယ့်ခြံမှာစိုက်ရင် ကိုယ်ဝဝလင်လင် စားရတယ်ဆိုတဲ့ စိတ်နဲ့ပဲ စိုက်ပျိုးခဲ့တာပါ။ ကိုယ်အားထုတ်လိုက်တဲ့ အပင်ကနေ ထွက်လာတဲ့ အသီး၊ အပွင့်တွေကို မြတ်နိုးတာပါ။ ပြိုင်ပွဲမှာလည်း တာဝန်ရှိဒိုင်များ၏ ဆုံးဖြတ်ချက်နဲ့ ဆုရွေးချယ်မှုကိုလည်း ကျေနပ်ပါတယ်။ ဆုရရှိခြင်း၊ မရရှိခြင်းထက် ကျွန်မသစ်ပင်လေးတွေကို အများပြည်သူကို ချပြခွင့်ရတာနဲ့တင်ကို ကျေနပ်လှပါတယ်"တစ်ရက်ပျော်ချင်ရင် အရက်သောက်၊ တစ်နှစ်ပျော်ချင်ရင် အိမ်ထောင်ပြု၊ တစ်သက်လုံးပျော်ချင်ရင် သစ်ပင်စိုက်ပါ"ဟု ပြင်ဦးလွင်မြို့မှ မြတ်ပုဏ္ဏမီ သစ်ခွခြံက ပြိုင်ပွဲဝင် ဒေါ်စိမ်းမြတ်မွန်က မန္တလေးနေ့စဉ်သတင်းစာ၏ မေးမြန်းချက်အပေါ် ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။

ပြိုင်ပွဲဝင်များအပေါ် အကဲဖြတ်၊ အမှတ်ပေးမှုအနေဖြင့် ဒိုင်အဖွဲ့ ခြောက်ဖွဲ့ ဖွဲ့စည်းပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များ၊ သစ်ပင်၊ ပန်းပင်၊ ပျိုးပင် စိုက်ပျိုးထုတ်လုပ်သူများ၊ မန္တလေးတက္ကသိုလ် ရုက္ခဗေဒဌာနမှ ပညာရှင်ဆရာမများ ပါဝင်ဖွဲ့စည်းပြီး ထပ်ဆင့်ကြီးကြပ်စစ်ဆေးနိုင်ရန် ဒိုင်ချုပ်အဖွဲ့ကလည်း ပါဝင်စိစစ်ရွေးချယ်တာဖြစ်လို့ ပြိုင်ပွဲဝင် အမှတ်ပေးစည်းမျဉ်း စည်းကမ်းများအတိုင်း စနစ်တကျ ရွေးချယ်ပေးခဲ့ခြင်းဖြစ်တာကြောင့် ဆုရရှိသည်များမှာ ထိုက်ထိုက်တန်တန် ရရှိလာသည့် ဆုတံဆိပ်များဖြစ်လို့ ပြိုင်ပွဲဝင်များအနေဖြင့် ဂုဏ်ယူစရာကောင်းလှပေသည်။

ပြပွဲပြိုင်ပွဲကျင်းပခြင်းနှင့်အတူ သစ်ပင်ပန်းပင်တွေစိုက်ပျိုးခြင်းက စိတ်ကျန်းမာရေးကို ကောင်းမွန်စေနိုင်ကြောင်း၊ အထောက်အကူပြုစေနိုင်ကြောင်း၊ စိမ်းစိုတဲ့ သဘာဝပတ်ဝန်းကျင်နှင့် ထိတွေ့ပြီး တစ်နိုင်တစ်ပိုင် သီးပင်၊ စားပင်များ စိုက်ပျိုးခြင်းက စိတ်၏ပင်ပန်းနွမ်းနယ်မှုများကို ပြေပျောက်စေတာဖြစ်လို့ မိမိအိမ်ခြံဝင်းအတွင်း ရှိနိုင်သည့် မြေလွတ်များပေါ်တွင် နေ့စဉ်စားသုံးသည့် သီးပင်၊ စားပင်များ၊ အလှပင်များအား အချိန်ယူစိုက်ပျိုးသင့်ပါသည်။ ဒီလို တစ်အိမ်ထောင်စုချင်းသာ စိုက်ပျိုးပါက သာယာလှပသည့် သဘာဝပတ်ဝန်းကျင်ကို ခံစားရပြီး မိသားစု၏ မီးဖိုဆောင်သုံးငွေကိုလည်း လျှော့ချနိုင်ပါသည်။

မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သီးနှံပန်းမန်ပြပွဲကြီးကို သီးပင်၊ စားပင်၊ အလှပန်းပင်များနှင့် အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသထားသလို စိုက်ပျိုးရေးပြခန်းကြီးများဖြင့် စည်ကားသိုက်မြိုက်စွာ ပျော်ပွဲရွှင်ပွဲများအပါအဝင် အစဉ်အလာမပျက် ကျင်းပလာသည့်ပွဲဖြစ်တာကြောင့်လည်း အပင်ချစ်သူများ၊ စိတ်ပါဝင်စားသူများ၊ လေ့လာလိုသူများ၊ ကျောင်းသား၊ ကျောင်းသူများက စံနမူနာပြုလာရောက်လေ့လာရသည့် ပွဲတစ်ပွဲဖြစ်နေသည်မှာ နှစ်ပေါင်း (၂၁)နှစ်တိုင်ခဲ့လေပြီ။

တစ်နှစ်ထက် တစ်နှစ် ပြိုင်ပွဲအမျိုးအစားများ၊ ပြိုင်ပွဲဝင်များ တိုးချဲ့ကျင်းပလျက်ရှိရာ ယခုနှစ်တွင် ပြိုင်ပွဲအမျိုးအမည် ၂၃ မျိုးကို ပြိုင်ပွဲဝင် အရေအတွက် (၈၁၂) မျိုးအထိ ပါဝင်ယှဉ်ပြိုင်လာကြသည်။

ယခုနှစ်မှာတော့ ထူးခြားစွာ မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲကြီးကို ဆင်ဖြူကန်ကွင်းတွင် တစ်ကျော့ပြန်ပြန်လည်ကျင်းပခြင်းဖြစ်ပြီး စိုက်ပျိုးရေးနိုင်ငံဖြစ်တာနှင့်အညီ တောင်သူများအတွက် လေ့လာစရာ စံနမူနာပြ စိုက်ပျိုးမှုအခြေခံကောင်းများကို တစ်နေရာတည်း လေ့လာနိုင်သည့် နေရာတစ်ခု၊ ပြပွဲတစ်ခု ဖြစ်နေပါတော့သည်။

ပြပွဲပြိုင်ပွဲသို့ စိုက်ပျိုးရေးအခြေခံကောင်းများကို စိတ်ဝင်စားလေ့လာလိုပါက ၇၈လမ်း၊ ရန်-မန်းကားလမ်းမှလည်းကောင်း၊ ၁၀၁ လမ်း၊ ၇၈ လမ်းနှင့် ၇၃လမ်းကြား၊ က-ည-နနှင့် မျက်နှာချင်းဆိုင်ဝင်ပေါက်တို့မှ ဝင်ရောက်လေ့လာနိုင်ကြောင်း သတင်းကောင်းပါးလိုက်ပါရစေ။

**ရွှေမန်း**



## ရောင်းခွန်/ဝယ်ခွန်ပေးဆောင်ရန် ပျက်ကွက်နေသူများ သိရှိစေရန် ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်ဒေသကော်ဖီစီမံကိန်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းမြေနှင့် သစ်တောမြေများအတွင်း ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်အား စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ စာချုပ် ချုပ်ဆို၍ သတ်မှတ်နေရာချထားပေးခဲ့ရာ စိစစ်ချက်အရ အချို့သောလက်ရှိလုပ်ကိုင်နေသူများသည် မူလခွင့်ပြုပေးထားသူများထံမှ လွှဲပြောင်းရယူခဲ့သူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂။ ကော်ဖီစိုက်ပျိုးမြေ မူလချထားပေးသူနှင့် အမည်ကွဲလွဲနေသူ နှစ်ဦးနှစ်ဖက်လုံးအနေဖြင့် ရောင်းခွန်/ဝယ်ခွန်များကို ပြင်ဦးလွင်မြို့နယ်၊ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ၁၀-၁-၂၀၂၅ ရက် နောက်ဆုံးထား၍ ပေးဆောင်သွားရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းရန် အခက်အခဲရှိသူများကို ၃၁-၁-၂၀၂၅ ရက်အထိ ရောင်းခွန်/ဝယ်ခွန်များ ပေးဆောင်စေရေး သက်တမ်းတိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အခွန်ငွေပေးသွင်းရန် ကျန်ရှိသူများသည် **၁၇-၂-၂၀၂၅ ရက်မတိုင်မီ ပေးသွင်းရန်နှင့် အခွန်ငွေပေးဆောင်ခြင်းမရှိပါက ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း** သတိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

## မန္တလေးမဟာမုနိဘုရားကြီး (၆၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် ခြင်းလုံးပြိုင်ပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေးမြို့ မဟာမုနိဘုရားကြီး (၆၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် မဟာမုနိဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌဖလား၊ (၆)ပေါက်တန်းဝိုင်းဖွဲ့ခြင်းလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၁ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၆နာရီအထိ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ မဟာမုနိဘုရား အနောက်ဝင်ပေါက် အနီးရှိ အသစ်တည်ဆောက်ထားသော မိုးလုံ၊ လေလုံ ခြင်းလုံးအားကစားရုံသစ်တွင် ကျင်းပခဲ့သည်။ (၆၆)ကြိမ်မြောက် မဟာမုနိဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌဖလား၊ (၆)ပေါက်တန်းဝိုင်းဖွဲ့ ခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီက ကျင်းပရာ မဟာမုနိ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ (၆)ပေါက်တန်းဝိုင်းဖွဲ့ခြင်းပြိုင်ပွဲတွင် မန္တလေးမြို့နှင့်ဝန်းကျင်မှ အပျော်တမ်း ခြင်းအသင်းများ ဝင်ရောက်ခတ် ကစားကြမည်။



မဟာမုနိဂေါပကအဖွဲ့ဥက္ကဋ္ဌဖလား၊ (၆)ပေါက်တန်းဝိုင်းဖွဲ့ ခြင်းပွဲတော်ဖွင့်ပွဲအထိမ်းအမှတ် မန္တလေးတိုင်းဂုဏ်ဆောင် အမျိုးသား၊ အမျိုးသမီး ခြင်းအသင်းများက အလှပြခတ်ကစားကြကြောင်း သိရသည်။

(ဝဲပုံ)(ဝ၄၅)

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ စတုတ္ထနေ့သို့ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ MSME လုပ်ငန်းရှင်များနှင့် ပြည်သူများ တစ်ခဲနက်လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲစတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ကျင်းပရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက် လာရောက်လေ့လာကြည့်ရှုကြသဖြင့် အထူးစည်ကားများပြားခဲ့သည်။



ရခိုင်ပြည်နယ် MSME ထုတ်ကုန်ပြခန်းတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ယနေ့သည် ပွဲတော်၏စတုတ္ထနေ့သို့ ရောက်ရှိလာခဲ့သည့်အတွက် ပြခန်းအလိုက် ပြသထားသည့် ပြခန်းပြကွက်များအား လာရောက် လေ့လာကြသည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည့်အပြင် MSME လုပ်ငန်းရှင်များ၊ နောက်ဆုံးပေါ်တီထွင်ဆန်းသစ်မှု နည်းပညာများနှင့် စက်မှု၊ လက်မှုကဏ္ဍကို စိတ်ဝင်စားကြသည့် လုပ်ငန်းရှင်များလည်း လာရောက်လေ့လာကြသည်။

အဆိုပါ လုပ်ငန်းရှင်များအား ပြခန်းတာဝန်ရှိသူများက အရည်အသွေးမြင့် စက်ယန္တရားများ၏ ထူးခြားသာလွန်သော စွမ်းဆောင်ရည်များအကြောင်း၊ နိုင်ငံတကာအဆင့်မီစက်ယန္တရားများ၊ ဝယ်ယူမှု၊ တပ်ဆင်မှုအကြောင်းအရာများနှင့် ဈေးကွက်စီးပွားရေး လိုအပ်ချက်များကို အနာဂတ်နည်းပညာများအသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ဗဟုသုတအကြောင်းအရာများကို အသေးစိတ် ရှင်းလင်းပြသကြသည့်အပြင် ကျွမ်းကျင်ဝန်ထမ်းများကလည်း ခင်းကျင်းပြသထားသည့် စက်ယန္တရားများဖြင့် လက်တွေ့သရုပ်ပြသဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံအနာဂတ်စက်မှုနည်းပညာကဏ္ဍကို တစ်ခေတ်ဆန်းသစ်တော့မည့် မြင်ကွင်းတစ်ခုလည်း ဖြစ်သည်။

ထို့ပြင် ပွဲတော်သို့ လာရောက်လေ့လာကြသည့် MSME လုပ်ငန်းရှင်များကိုလည်း ပြခန်းတာဝန်ရှိသူများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာများ မျှဝေပေးခြင်း၊ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ မိမိတို့လုပ်ကိုင်နေသည့် လုပ်ငန်းများအလိုက် လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊ လုပ်ငန်းများအလိုက် ကြုံတွေ့ရမည့်အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာပေး ဆွေးနွေးမျှဝေပေးကြရာ MSME လုပ်ငန်းရှင်များအတွက် ဆန်းသစ်သောပြည်တွင်း၊ ပြည်ပပို့ ထုတ်ကုန်များ ထုတ်လုပ်လာနိုင်မည့်အပြင် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာနိုင်တော့မည်လည်း ဖြစ်သည်။



ရောဝတီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများအား ကြည့်ရှုလေ့လာဝယ်ယူကြသူများကို တွေ့ရစဉ်။

အလားတူ နေပြည်တော် ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ချစ်ခင်နှစ်သက်မြတ်နိုးစွာဖြင့် ဝယ်ယူကြသည့်အပြင် သန့်ရှင်းလတ်ဆတ်စွာဖြင့် ရောင်းချပေးလျက်ရှိသည့် တိုင်းရင်းသားရိုးရာ အစားအသောက်များကိုလည်း နှစ်ခြိုက်စွာ ဝယ်ယူစားသုံးကြသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ ပြခန်းများ၌လည်း အထူးပျော်ရွှင်စရာ အစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက သက်ဆိုင်ရာ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့် သီချင်းများနှင့် မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့် သီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာပြည်သူများကလည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် အတူ ပျော်ရွှင်စွာ သီဆိုကခုန်ပါဝင်ဆင်နွှဲကြသည့် မြင်ကွင်းသည်လည်း တောင်ပေါ်မြေပြန့်မခွဲခြားဘဲ စည်းလုံးသည့် သွေးချင်းညီအစ်ကိုစိတ်ထားကို အထူးပေါ်လွင်စေခဲ့သည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့် လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများ ပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများ ပျော်ရွှင်စွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ပြပွဲနှင့် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်အထိ နှစ်ရက်ထပ်တိုး၍ ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချသည့် ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပြသရောင်းချပေးလျက်ရှိပြီး ပြိုင်ပွဲများအလိုက် ဆုအမျိုးအစားပေါင်း ၃၁ မျိုးကိုလည်း ပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း- ဂျိုင်းလော

ဓာတ်ပုံ - ကိုထိန်

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းအုပ်စု၊ အေးဇရပ်ကွက်၊ အမှတ်(၁၁၈)၊ မြေဧရိယာ (၂၅×၂၅)ပေထဲမှ (၁၀×၂၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံအပါအဝင် မြေပေါ်မြေအောက်နေထိုင်ပိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ဖွန့်ပွင့်ဝေ(ဘ)ဦးသိန်းလှိုင်(၉/အမရ(နိုင်)၁၆၁၁၄၆)မှ ကျွန်ုပ်၏မိတ်ဆွေထံသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်စကေရီမြင့်သူ ဒေါ်နိုင်မေလွင်**

**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**

**၅၇လမ်းနှင့် ၅၈လမ်း၊ ၃၈(E)လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၈၀၉၂၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၁/ထန်းသုံးပင်)၊ ဦးပိုင်အမှတ်(၁၀၇/၁)၊ ဧရိယာ(၁ ဒသမ ၆၆)ဧက အကျယ်အဝန်းရှိ ဒေါ်ဝင်းဝင်းငွေပုံစံ(၇)အမည်ပေါက် လယ်မြေကွက်အတွင်းမှ အရှေ့အနောက်(၁၀၀)ပေ၊ တောင်မြောက်(မြေအရှိအတိုင်း)၊ အကျယ်အဝန်းရှိ မြေကွက်ကို အမွေခွဲဝေရရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ၁။ ဒေါ်ချိုတင်(ဘ)ဦးအောင်ချမ်း(၉/စကတ(နိုင်)၀၀၀၃၅၅)၊ ၂။ ဒေါ်ညွန့်လှ(ဘ)ဦးအောင်ချမ်း(၉/စကတ(နိုင်)၀၅၈၉၇၂)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက လုပ်ကိုင်စိုက်ပျိုးနိုင်ရန်အတွက် အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုပြစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးထွန်းနိုင်ဝင်း (LL.B,DBL) တရားလွှတ်တော်ရှေ့နေ(စဉ်–၈၅၅၀)**

**၃၅လမ်းနှင့် ၃၆လမ်းကြား၊ လမ်း၈ဝနှင့် ၈၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၆၇၄၇၅၆၊ ၀၉-၄၀၂၅၉၅၀၂၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ချ)ရပ်ကွက်၊ အကွက်အမှတ်(H)၊ ဦးပိုင်အမှတ်(၆၉)၊ ဧရိယာ(၂၀၀×၂၀၀)ပေ အကျယ်အဝန်းရှိ ဦးအောင်ကျော်မိုး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူကာ တရားဝင် လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအောင်ကျော်မိုးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်သောင်းမှ (၂၀၂၂)ခုနှစ်ကတည်းက အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားပြီး မြေပုံ၊ မြေရာဇဝင်ရေးဆွဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်သောင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ကြည်ကြည်ဆွေ (LL.B) တရားလွှတ်တော်ရှေ့နေ**

**(စဉ်–၁၈၁၁၇/၁၆–၁၀–၂၀၂၃)**

**(၈၈–၂၃/၉၆)၊ ၅၄လမ်းနှင့် ၅၅လမ်းကြား၊ ၁၀၈(D)လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၅၆၆၅၊ ၀၉-၇၇၉၆၆၂၅၇၀**

## အမည်ပြောင်း

အဘ ဦးအောင်ကိုကို၏ သမီး မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ MISY (Mandalay) International School Year 3 မှ မဝင်းအိငြိမ်းအား မဝင်းရတီလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဝင်းရတီလင်း**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ၊ အပိုင်း(၂)၊ အကွက်အမှတ်(မမ-၁၆)၊ တိုက်အမှတ်(၁၈)၊ အခန်းအမှတ်(၄၀၃)၊ စတုတ္ထထပ်တိုက်ခန်းရှိ ဒေါ်အေးအေးမြင့် အမည်ပေါက် တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်အေးအေးမြင့် (ဘ)ဦးဘပိုင်(၉/မတရ(နိုင်)၀၇၁၃၆၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွယ်နွယ်အောင်(ဘ)ဦးသန်းဝင်း(၁၂/ဥကတ(နိုင်)၁၅၇၂၂၃)မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေများ အပြေအကျေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါ ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများမှ အရောင်းအဝယ်ကိစ္စအတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နန်းအိရွှေစင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(မမ–၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၅၃၁၉၉၉၊ ၀၉-၆၉၃၉၉၉၁၁၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၈၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁) ဧကရှိ ဦးဘဖေ အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း(၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်မြေသက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတို့က အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော ဦးခင်မောင်မြင့်(ဘ)ဦးဘိုသန်း(၉/မနတ(နိုင်)၀၈၇၂၂၅)၊ ဦးခင်မောင်ထွန်း(ဘ)ဦးကြည်ဝင်း(၉/မဟမ(နိုင်)၀၀၆၁၀၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးအေးခိုင်**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဆ–၇/၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**

**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၈)၊ ဦးပိုင်အမှတ်(၂၆)၊ အကျယ်အဝန်း(၄၀×၆၀)ပေရှိ မြေကွက်သည် ဦးငွေစန် အမည်ဖြင့် ချထားပေးသည့်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်အနက်မှ တောင်ဘက်ဆုံးခြမ်းနှင့် ကပ်လျက် အလယ်စိပ်(၁၅× ၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီးအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူလက်ရောက်ရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့် ဦးထွန်းပြည့်ဟိန်း(ဘ)ဦးထွန်းမြင့်(၉/ခအဇ(နိုင်)၀၃၄၀၂၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးစေလင်းမောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**(ညည–၆၇/၁၇)၊ သင်ပန်းကုန်းရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၉၆၁၈၂၊**

**၀၉-၉၅၁၀၃၂၉၆၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(၈/၁၆၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဗိုလ်မှူးသိန်းဟန် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်အနက်မှ အရှေ့ဘက်ဆုံးခြမ်းအကျယ်အဝန်း(၁၅×၄၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီးအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူလက်ရောက်ရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့် ဦးမျိုးမင်းကျော်(ဘ)ဦးတင်ဝင်း(၉/မဟမ(နိုင်)၀၀၂၄၀၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးစေလင်းမောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**(ညည–၆၇/၁၇)၊ သင်ပန်းကုန်းရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၉၆၁၈၂၊**

**၀၉-၉၅၁၀၃၂၉၆၄**

## ပျောက်ဆုံးကြောင်း

ဦးကျော်စိုးလွင်(ဘ)ဦးခင်မောင်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/တကန(နိုင်)၁၃၉၂၄၅)ကိုင်ဆောင်သူ၏ Passport No (မသိ)သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဦးကျော်စိုးလွင် ဖုန်း ၀၉-၉၇၄၈၆၉၅၅၉**

## ပျောက်ဆုံးကြောင်း

ကျော်တင့်(ဘ)ဦးကျော်လှ(၁၃/နဆန(နိုင်)၀၁၀၂၇၇)ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉-၇၉၇၉၅၃၉၄၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ ၇၁(C)လမ်းနေ ကျွန်တော် ဦးဝင်းအောင်(ဘ)ဦးဘကြည်(၉/မရမ(နိုင်)၀၅၆၃၄၃)မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၃)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်ခင်စန်းတင့် အမည်ပေါက်ပါသည်။ အဆိုပါ မြေကွက်အား ဒေါ်ခင်သန်းမြင့်မှ မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင်(၂၀-၁၂-၂၀၀၇)ရက်စွဲပါ အပေးမှတ်ပုံတင်စာချုပ်အမှတ်(၂၇၆၈/၂၀၂၃)ဖြင့် ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်ခင်သန်းမြင့်မှာ ကွယ်လွန်သွားသည့်အတွက် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးဝင်းအောင်မှ မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အမွေဆက်ခံစာချုပ်အမှတ်-၃၂၈၄/၂၀၂၄ဖြင့် ပိုင်ဆိုင်ခဲ့ပါသည်။ ယင်းမြေကွက်နှင့် သက်ဆိုင်သော လမ်းဖိုး၊ မြေဖိုးပေးသွင်းထားသည့် ငွေသွင်းပြေစာမူရင်းများမှာ ကျွန်တော်၏လက်ဝယ်တွင် အသိမ်းလွန်ပြီး ပျောက်ဆုံးသွားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းအောင်**

**(၉/မရမ(နိုင်)၀၅၆၃၄၃)**

**၇၁(C)လမ်း၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၄)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(၄၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်သည် ဦးအောင်ကြည်(ဘ)ဦးစံမြ(AE-၀၃၄၁၁၀)အမည်ဖြင့် ချထားပေးသော မြေကွက်နှင့် ဦးပိုင်အမှတ်(၃၃)၊ ဧရိယာ(၄၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်သည် ဦးစိန်(ဘ)ဦးရွှေမိုး(AE-၀၃၄၁၂၄) အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါ ဦးပိုင်အမှတ်(၂၈)အတွင်းမှ တောင်ဘက်ခြမ်း၊ ဧရိယာ(၁၂×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်တစ်ခြမ်း၊ ဦးပိုင်အမှတ်(၃၃)၏ မြောက်ဘက်ခြမ်းဧရိယာ(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုး(ဘ)ဦးအုန်းမောင်(၉/မနတ(နိုင်)၀၉၆၅၃၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်ချို့တဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်များ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးသန်းရွှေ (B.A(Hist),H.G.P) အထက်တန်းရှေ့နေ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံ့တာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်...

❖ လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ လာရောက်တွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာ-ဘယ်လာရုစ်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ Mr.Alexander SHPAKOVSKY သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ဦးစွာ မြန်မာ့လက်ရွေးစင် ပုံပြင်များနှင့် (၃၈)ဖြာမင်္ဂလာ ပုံပြင်များ (ရုရှား/မြန်မာဘာသာ)စာအုပ်များ၊ ဘယ်လာရုစ်နိုင်ငံ စာရေးဆရာ ရေးစပ်ထားသည့် မြန်မာနိုင်ငံအကြောင်း သီချင်းလေးပုဒ်တို့ကို မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ထို့နောက် မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌက စာအုပ်များ ပေးအပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နီပေါဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် နီပေါနိုင်ငံ၊ ခတ္တမန္ဒုမြို့ရှိ Dasharath ကွင်းတွင် ဖေဖော်ဝါရီ ၁၇ မှ ၂၆ ရက်အထိ ကျင်းပမည့် လေးနိုင်ငံအမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။




အဆိုပါပြိုင်ပွဲသို့ အိမ်ရှင် နီပေါအသင်း၊ မြန်မာအသင်း၊ ကာဂျစ္စတန်အသင်း၊ လက်ဘနွန်အသင်းတို့ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၄ သင်း ပတ်လည်စနစ်ဖြင့် ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၁၇ ရက်တွင် လက်ဘနွန်၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကာဂျစ္စတန်၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် အိမ်ရှင် နီပေါအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးနှစ်သင်းသည် ဖေဖော်ဝါရီ ၂၆ ရက်တွင် နောက်ဆုံးဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ၊ နည်းပြ ၁၀ ဦး၊ ကစားသမား ၂၃ ဦးပါဝင်ပြီး ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တွင် နှစ်သုတ်ခွဲ၍ ပြိုင်ပွဲကျင်းပရာ နီပေါနိုင်ငံ၊ ခတ္တမန္ဒုမြို့သို့ သွားရောက်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလလယ်ပိုင်းကတည်းက စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ပြိုင်ပွဲအကြို ပြင်ဆင်မှုအနေဖြင့် နီပေါ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၊ အာရှဖလားအမျိုးသမီးခြေစစ်ပွဲနှင့် (၃၃)ကြိမ်မြောက် ထိုင်းဆီးဂိမ်းစ်ပြိုင်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ **(NGB)**


## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့် ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်(၁၆)ခုတို့မှ ထုတ်ချေးပေးလျက်ရှိသဖြင့် ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင် များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီများနှင့် ဆက်သွယ်၍ ချေးငွေများ လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**